ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (29-1-2006) (၄၈၅၅)

နိုင်ငံတော်အပိုင်းက ရေရရှိရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့လုပ်ကိုင်ရန် မလိုလောက်အောင် တည်ဆောက်ထူထောင်ခဲ့ပြီးဖြစ်သော်လည်း ယနေ့ ဒေသဆန် ဖူလုံမှုသည် မြင်းခြံခရိုင်အနေဖြင့် ၁၉ ရာခိုင်နှုန်းခန့်၊ တောင်သာမြို့နယ်အနေဖြင့် ၁၇ ရာခိုင်နှုန်းခန့်ပင် ရှိသေးသည့်အတွက် ဒေသခံ ပြည်သူများအပိုင်းက ဆက်လက်အားထုတ် ကြိုးပမ်းရန် လိုအပ်နေ။

အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာသုံးစွဲရသည့်စက်ရုံများကို နိုင်ငံတော်က ရင်းနှီးမြှုပ်နှံထူထောင်နေ မြင်းခြံခရိုင်အတွင်း ရေလှောင်တမံ ၁၅ခု တည်ဆောက်ပြီးသကဲ့သို့ မြစ်ရေတင်စီမံကိန်းကိုးခု တည်ဆောက်လျက်ရှိ ရေရရှိရေးလုပ်ငန်းများကို အပြည့်အဝအသုံးချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးအောင်၊ ဒေသဆန်ဖူလုံအောင် ကြိုးပမ်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား



ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာမြို့အနီးတွင် တည်ဆောက်ပြီးစီးသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါ စက်ရုံ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ပုဂံ-ညောင်ဦးတွင် ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ညောင်ဦး လေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စွပ်ကျယ်စက်ရုံ(တောင်သာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဝဲပုံ)**နှင့် စွပ်ကျယ်စက်ရုံ(တောင်သာ)ကို တွေ့ရစဉ်။** (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၉-၁-၂၀၀၆
(တနင်္ဂနွေနေ့)

ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး စာပေကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်

နိုင်ငံတော်အစိုးရသည် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားတိုးတက်ရေးကို ရေးရှုရေးသားလာခဲ့ကြသည့် စာပေပညာရှင်များအား ဂုဏ်ပြုချီးမြှောက်ခြင်း၊ စာပေဆုများ ချီးမြှင့်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ စာပေဆုပေးပွဲများ ကျင်းပနေခြင်းမှာ အမျိုးသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့စာပေလောကတွင် အရည်အသွေးမြင့်မားသည့် စာပေများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးတို့အတွက် အားပေးမြှင့်တင်နေမှုပင်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် မြန်မာစာပေ၏ အရှိန်အဝါသည် အလွန်ကြီးမားခဲ့သည်။ စာပေသည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်လုံး ပြည်သူများမျိုးချစ်စိတ်ဓာတ် ထက်သန်ရဲရင့်လာရေး၊ စည်းလုံးညီညွတ်ရေးနှင့်လွတ်လပ်ရေးကို အသက်သွေးချွေးနှင့်လဲ၍ အရယူနိုင်ရေးတို့တွင် အသိပညာပေး လှုံ့ဆော်သည့်အပိုင်းများ၌ အစွမ်းထက်သည့် လက်နက်သဖွယ်ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးမခံလိုသည့်စိတ်များ ပြည်သူတစ်ရပ်လုံး၏ ရင်ထဲနှလုံးထဲ၌ စွဲမြဲကိန်းအောင်းနေစေရန် စာပေသမားများက မိမိတို့တတ်ကျွမ်းသည့်စာပေဖြင့် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။

စာပေပညာရှင်များ၊ စာပေသမားများအနေဖြင့် ပြည်သူများ သိသင့်သိထိုက်သည့် ဗဟုသုတခံစားမှုစာစုများကို ရေးသားတင်ပြရာတွင် အနုပညာအတွက် သက်သက်သာမကဘဲ မိမိနိုင်ငံနှင့် မိမိပြည်သူများ၏ အကျိုးစီးပွားအတွက် ဖြစ်စေရမည်ဟူသည့် ခံယူချက်များ ထားရှိကြရမည်ဖြစ်သည်။ နိုင်ငံတော် တည်ဆောက်ရေးတွင် မိမိတို့ကျရာအခန်းကဏ္ဍက ဆက်လက်၍ ပါဝင်ထမ်းဆောင်ကြရမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီလ ၂၁ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဓာတ်ရုံ၌ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် စာပေသမားများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ **ပြည်သူများ လိုလားတောင့်တနေသော ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် မိမိတို့တတ်ကျွမ်းသည့် စာပေကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးကြပါ** ဟူ၍ မှာကြားသွားသည်။

စာပေ၏အခန်းကဏ္ဍသည် ပြည်သူလူထုအတွင်း နေ့စဉ်နှင့်အမျှ ရင်းနှီးစိမ့်ဝင်လျက်ရှိရာ စာပေသမားများအနေဖြင့် ပြည်သူ့အကျိုးပြု စာပေများ၊ ရသစာပေများနှင့် စာကောင်းပေမွန်များကို ပိုမိုရေးသားကြရမည်ဖြစ်သည်။ စာဖတ်သူပြည်သူများ ဗဟုသုတ၊ အတွေးအခေါ်၊ အယူအဆအသိအမြင်များ မှန်ကန်ရေးအတွက်သာမက မိမိတို့ ကိုယ်တိုင်လည်း ယုံကြည်ချက်၊ ခံယူချက် မှန်ကန်စေရေး အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံကို သြဇာလွှမ်းမိုးနိုင်ရေးအတွက် ပြည်ပြေးသစ္စာဖောက် သူလျှို၊ ဒလန်များနှင့် ပူးပေါင်းပြီး မီဒီယာအမျိုးမျိုးကို အသုံးချကာ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက် လုပ်ဆောင်နေကြကြောင်း တွေ့ရသည်။

ထို့ကြောင့် စာပေလောကသားများအနေဖြင့် ပြည်ပမီဒီယာများက ပြည်သူများ၏ စိတ်ပိုင်းဘဝ အမြင်မကြည်လင်စေရန် လုပ်ကြံလှုံ့ဆော်ဖန်တီးနေမှုများကို အမျိုးသားစာပေစွမ်းအားဖြင့် တုံ့ပြန်ဖယ်ရှားကြရန် လိုအပ်ပေသည်။ ထို့အပြင် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ကိုယ်ပိုင်လမ်းစဉ်နှင့် အနာဂတ်ခရီးကို ဆက်လက်လျှောက်လှမ်း နိုင်ရေးအတွက် စာပေစွမ်းအားဖြင့် လမ်းပြပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်စာပေသမားများအပါအဝင် စာပေလောကသားများအနေဖြင့် ပြည်သူများ လိုလားတောင့်တ နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဖော်ဆောင်နေမှုများတွင် စာပေကဏ္ဍမှ တစ်တပ်တစ်အားပါဝင်ထမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လူမှုရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်တည်ဆောက်ရေးအရှိန်အဟုန်ကို ပိုမိုမြင့်မားတိုးတက်စေမည့် အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုသော အသင်းအဖွဲ့များတိုးတက်ဖြစ်ထွန်းလာ

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင်အဖွဲ့ ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာတွင် ကျေးရွာသူကျေးရွာသားများအား အသင်း၏ လုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် အရှိန်အဟုန် ပိုမိုမြင့်မား တိုးတက်စေရန်အတွက် ကော်မတီနှင့်အဖွဲ့အစည်းများဖွဲ့စည်းကာ အကောင်အထည်ဖော်လျက်ရှိသည့်အပြင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စေတနာရှေ့ထား သယ်ပိုးလိုသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်း ပါဝင်ပူးပေါင်း ဖော်ဆောင်နိုင်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ အထင်အရှား ပေါ်ထွက်လျက်ရှိသည်။

နိုင်ငံတော်ကို တည်ဆောက်ရာတွင် အတိတ်သမိုင်း သင်ခန်းစာများကို ဆင်ခြင်သုံးသပ်ပြီး လက်ငင်းဖြစ်တည်မှု အခြေအနေများအပေါ်တွင် အခြေခံကာ အနာဂတ်ကာလအထိ မျှော်မှန်းဖော်ဆောင်ရာ၌ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားများသည် ပဓာနကျသော အခန်းကဏ္ဍကပါဝင်လျက်ရှိသည်။ အမျိုးသားရေးစွမ်းအားစုများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့ စသည့် အသင်းအဖွဲ့များသည် နိုးကြားတက်ကြွစွာ ပါဝင်ထမ်းဆောင်လျက်ရှိကြသည်။

အဆိုပါ အသင်းအဖွဲ့များနှင့်အတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဖော်ဆောင်နိုင်မှုများကြောင့် နယ်ပယ်စုံကဏ္ဍစုံတွင် ထိရောက်အောင်မြင်မှုများ ရရှိလာပေသည်။

တပ်မတော်အစိုးရလက်ထက်တွင် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး မိမိတို့၏မှန်မြတ်သောအသိစိတ်ဓာတ်ဖြင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများ၌ ပါဝင်လက်တွဲ ဆောင်ရွက်လာကြသောအသင်းအဖွဲ့များ တိုးပွားဖြစ်ထွန်းလာမှုကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

တိုးတက်ဖြစ်ထွန်းလာသော အသင်းအဖွဲ့များ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	အသင်းချုပ်/အဖွဲ့ချုပ်	–	၂	၂
၂	အသင်း	၅	၁၇	၁၂
၃	အဖွဲ့	၁	၃	၂
၄	အစည်းအရုံး	–	၄	၄

အီရတ်ဓာတ်ပုံဆရာ တိုက်ပွဲသတင်းယူနေစဉ် ပစ်ခတ်ခံရမှုကြောင့်သေဆုံး

ရာမာဒီ ဇန်နဝါရီ ၂၇

အီရတ်ပြောက်ကျားများ၏ ခြေကုတ်စခန်းတစ်ခုဖြစ်သည့် ရာမာဒီမြို့တွင် ဆွန်နီတွန်းလှန်တိုက်ခိုက်သူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်ကြရာ အီရတ်ရုပ်မြင်သံကြား ဓာတ်ပုံဆရာတစ်ဦး သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်ရုပ်မြင်သံကြားဌာနမှ ဓာတ်ပုံဆရာ မာမွတ်ဇာအယ်လ်သည် ရာမာဒီမှ အမေရိကန်သိမ်းပိုက်ထားသည့် အဆောက်အအုံနှစ်ခုတွင် တိုက်ခိုက်မှုဖြစ်နေပုံကို ရုပ်သံရိုက်ကူးစဉ်ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက်ပိုင်း၌ အမေရိကန်ကလေကြောင်းမှ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်ဟု မျက်မြင်တွေ့ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်စစ်ဘက်ကရာမာဒီတွင်လေကြောင်းမှတိုက်ခိုက်မှုသတင်း မဟုတ်မမှန်ကြောင်းငြင်းဆိုပြီး ဇာအယ်လ် သေဆုံးမှုကို ဝေဖန်ပြောကြားမှု မရှိခဲ့ပေ။ ရာမာဒီအနီးအပါး ဒေသတွင်သာ တနင်္လာနေ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်ပျက်စီးမှုမရှိခဲ့ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက် ရုပ်မြင်သံကြားဌာနက ဇာအယ်လ်သေဆုံးမှုသတင်းကို အတည်ပြု ပြောကြားပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ပြောကြားသည်။ သေနတ်သမားများက အုပ်ချုပ်ရေးမှူးချုပ်၏ရုံးနှင့် အီရတ်အမျိုးသားဌာနကို အင်္ဂါနေ့ မွန်းလွဲပိုင်းက စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေနတ်သမားများက အဆိုပါ အဆောက်အအုံများကို စက်သေနတ်များ၊ ဒုံးပစ်လောင်ချာတို့ဖြင့် နာရီများစွာ ကြာသည်အထိ ပစ်ခတ်ကြသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။ ယင်းသို့ ပစ်ခတ်နေကြစဉ် ဖော်ပြပါ ဓာတ်ပုံဆရာက ဓာတ်ပုံရိုက်နေခဲ့ပြီး ပထမဦးဆုံး ခြေထောက်တွင် ဒဏ်ရာရရှိပြီးနောက်တွင် အမေရိကန်လေယာဉ်များက လေကြောင်းမှ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

အကြမ်းဖက်တိုက်ခိုက်မှုများ အင်္ဂလန်တွင်မြင့်မားလာ

လန်ဒန် ဇန်နဝါရီ ၂၇

ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုခင်းများနှင့် လမ်းပေါ်အကြမ်းဖက်တိုက်ခိုက်မှုများသည် အင်္ဂလန်နှင့် ဝေလဒေသတို့တွင် လွန်ခဲ့သည့်နှစ်အတွင်းက ထူးထူးခြားခြားဖြစ်ပွားခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။ ဗြိတိန်အစိုးရက ယင်းဖြစ်ရပ်များသည် စိတ်ရှုပ်စရာကောင်းလောက်အောင် ဖြစ်နေကြောင်း၊ ထိုကိစ္စကို ပြန်လည်သုံးသပ်မည် ဖြစ်ကြောင်း ကတိကဝတ်ပြု ပြောကြားသည်။

ယင်းကဲ့သို့ ပြစ်မှုများ များပြားလာရခြင်းသည် ဝန်ကြီးချုပ် တိုနီဘလဲ အစိုးရ၏ ချို့ယွင်းမှုကြောင့် ဖြစ်ရသည်ဟု ဗြိတိန်နိုင်ငံရှိ အတိုက်အခံပါတီများက သုံးသပ်ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ (လေးထောင့်ကန်) သိရီဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက် ဆွမ်းစားကျောင်း(အာဟာရဆောင်)နှင့် စောင်းတန်း/စင်္ကြံလမ်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ (လေးထောင့်ကန်) သိရီဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက် ဆွမ်းစားကျောင်း(အာဟာရဆောင်)နှင့် စောင်းတန်း/စင်္ကြံလမ်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (ငြိမ်း)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသထံမှ နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူငွေများအဖြစ် အကောက်ခွန်ဦးစီးဌာန မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း (KN ကုမ္ပဏီ)နှင့် ရွှေတောင်မြို့နယ် ညောင်စာရေး ကျေးရွာပြည်သူများက ငွေကျပ်သုံးသိန်းစီ၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ်နှစ်သိန်းခုနစ်ဆယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရိန်၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)၊ ဦးကျော်ဝင်းဆွေ(5 Stone Co., Ltd.)၊ ဦးဝင်းအောင် (လောင်စာတောင့်လုပ်ငန်း)၊ ဦးသန်းနိုင်ဝင်း (သန်မြန်သူ လောင်စာတောင့်လုပ်ငန်း)နှင့် ဦးခင်မောင်ကြီး– ဒေါ်စန္ဒာတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးသန်းမောင်–ဒေါ်ငွေကြည်(ပါရမီစတိုး)က ငွေကျပ်တစ်သိန်းရှစ်ထောင်၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)–ဒေါ်သောင်းစိန်က ငွေကျပ်သုံးသောင်းနှင့် တပ်ကြပ်ကြီးညွန့်ရွှေ–ဒေါ်ကြည်က ငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် သိရီဂုဏ်ဝေ ဓမ္မဗိမာန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီဟာဘိဝံသက အနုမောဒနာနှင့် ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ပထမပိုင်းအစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား ဒုတိယပိုင်း အစီအစဉ်အဖြစ် ကျောင်းလွှတ်ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များက ဇေယျမင်္ဂလာအောင်ဂါထာများကို ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့်အလှူရှင် ဦးမင်းမင်းအောင် (Silver Wave Trading Ltd.)တို့က ဖဲကြိုးဖြတ်၍ စင်္ကြံလမ်းကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ဖဲကြိုးဖြတ်၍ ဆွမ်းစားကျောင်း (အာဟာရဆောင်)ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စက်ခလုတ်နှိပ်၍ ဆွမ်းစားကျောင်း (အာဟာရဆောင်)စာတန်းကို ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ဆွမ်းစားကျောင်း မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါဆွမ်းစားကျောင်း၊စောင်းတန်း/စင်္ကြံလမ်းတို့ကိုအလှူရှင်များ၏ စုပေါင်းလှူဒါန်း ငွေကျပ်၃၅၁ သိန်းကျော်ဖြင့် ဆောက်လုပ်လှူဒါန်း ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေးထောင့်ကန်) သိရီဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက် ဆွမ်းစားကျောင်း (အာဟာရဆောင်) ကို ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေးထောင့်ကန်) သိရီဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက် ဆွမ်းစား ကျောင်း(အာဟာရဆောင်)နှင့် စောင်းတန်း/စင်္ကြံလမ်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၂၈

အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား(၁၀၁)နှစ်ပြည့်နှင့် (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဓမ္မပူဇာတရားပွဲများဖြင့် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဇန်နဝါရီ ၃၀ ရက်တွင် ဗဟိုသံဃာ့ဝန်ဆောင် အောင်မင်္ဂလာကျားကျောင်း ဆရာတော်ဦးစရိယ၊ ၃၁ရက်တွင် မြစိမ်းတောင်ဆရာတော် ဦးဇာနေယျ တိုက်ကြီးမြို့နှင့် ဖေဖော်ဝါရီ ၁ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဦးသုန္ဒရ ဆရာတော်ကြီးများက အာရုံခံတန်ဆောင်းကြီးတွင် နေ့စဉ် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄)



ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲကို အထက(၁) မြဝတီခန်းမ၌ကျင်းပရာ ကလေးပြိုင်ပွဲ ဒုတိယရရှိသူ ကလေးငယ်အား မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းရီ ဆုချီးမြှင့်စဉ်။ (၅၃)

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော International Trade Course (Program-3) အပတ်စဉ် (၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက်မွန်းလွဲပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ်(၇၄/၈၆)ရှိ UMFCCI Training Centre ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဒေါက်တာကျော်ထင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင် များ၊ သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးထွန်းအောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၀ ခန့် တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ရှိ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးတစ်ခု တည်ဆောက်ဖွင့်လှစ်ပြီးဖြစ် မြင်းခြံနှင့် ပခုက္ကူတို့သည် မြန်မာ့အထည်အလိပ် စက်မှုလုပ်ငန်း အခြေပြုရာဒေသများအဖြစ် ဆက်စပ်တည်ရှိလာ

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

လမ်းခရီးတစ်လျှောက်တွင် အညာဒေသအတွင်း စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းရေးနှင့် နယ်မြေဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်က စုဖွဲ့တည်ဆောက်ပေးထားသော ကြက်မောက်တောင် ရေလှောင်တမံ၊ ပင်းချောင်းရေလှောင်တမံ၊ တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါး ရေလှောင်တမံတို့၏ ရေပေးဝေမှုအခြေအနေ၊ ဆည်ရေသောက်ဧရိယာအတွင်း ပြည်သူများ ဆည်ရေအကျိုးရရှိနေမှု၊ကျောက်တံခါးတောင်ရေနှင့် ကြက်မောက်တောင် ရေလှောင်တမံတို့ အကြားရေသွယ်မြောင်းကြီးဖြင့်ဆက်သွယ်ထားသည့်အခြေအနေနှင့် ယင်းရေလှောင်တမံများ၏ ကျေးရူးကြောင့် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းနေမှုများ၊ ဒေသစိမ်းလန်းစိုပြည်နေမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲ

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စွပ်ကျယ်စက်ရုံ(တောင်သာ)သို့ ရောက်ရှိကြပြီး စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စက်ရုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းနှင့် မြင်းခြံခရိုင်တို့မှ တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd မှ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ မြင်းခြံခရိုင်နှင့် တောင်သာမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စွပ်ကျယ်စက်ရုံ(တောင်သာ)ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၆၅၀၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံအဝင်မုခ်ဦး၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd အမှုဆောင် အရာရှိချုပ် Mr. Cheng Zheng Hao တို့က ဖဲကြိုးဖြတ်၍ စွပ်ကျယ်စက်ရုံ(တောင်သာ)ကို ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ဆက်လက်၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက စွပ်ကျယ်စက်ရုံ(တောင်သာ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုအချိန်တွင် အမရပူရမြို့နယ် စာတိုးခေတ်ဆန်းစည်တော်အဖွဲ့က အောင်ကြောင်းမင်္ဂလာရတုဖြင့် သီဆိုစည်တော်ရှမ်းကြသည်။

ထို့နောက် စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို စက်ရုံအတွင်းရှိ မင်္ဂလာမဏ္ဍပ်စင်မြင့်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဤစက်ရုံဖွင့်လှစ်နိုင်သည့်အတွက် နယ်သူနယ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာသကဲ့သို့ ခေတ်မီစက်ကိရိယာများကို ကိုင်တွယ်အသုံးပြုတတ်သည့် အဆင့်အတန်းရှိသော နည်းပညာသည်လည်း စက်ရုံဝန်ထမ်းများမှတစ်ဆင့် နယ်မြေအတွင်းတွင် ဆင့်ကဲဆင့်ကဲ ရင်းနှီးပြန့်ပွားလာမည်ဖြစ်ကြောင်း၊ ပြီးခဲ့သော သုံးလကျော်ခန့်ကလည်း မြင်းခြံနယ်မြေနှင့် ကပ်လျက်ရှိသည့် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးတစ်ခုကို အမှတ်(၁) စက်မှုဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အတွက် မြင်းခြံနှင့် ပခုက္ကူဒေသတို့သည် မြန်မာ့အထည်အလိပ်စက်မှုလုပ်ငန်း အခြေပြုရာ ဒေသများ အဖြစ် အပြန်အလှန် ဆက်စပ်တည်ရှိ ပြောင်းလဲလာပြီဖြစ်ကြောင်း။

ရှေ့ဆောင်ရှေ့ရွက်ပြု

နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက်ပြုပြီး နယ်မြေဒေသအနှံ့တွင် ထူထောင်နေခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းတွင် သာပေါင်းစက္ကူပျော့ဖတ်စက်ရုံ ထူထောင်သကဲ့သို့ ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီးဒေသတို့တွင် ချည်မျှင်နှင့် အထည်စက်ရုံများ၊ ကျောက်ဆည်ဒေသတွင် စက်ဘီးစက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ ဖိနပ်စက်ရုံ စသည့် လူသုံးအိမ်သုံးစက်ရုံများကို ဆက်တိုက်ထူထောင်လျက်ရှိကြောင်း။

အထူးသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်အပိုင်းက ဝင်ရောက်ရင်းနှီးလုပ်ကိုင်ရန် မလွယ်ကူသေးသည့် စက်ရုံများ၊ အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာ သုံးစွဲရသည့် စက်ရုံများကို မြန်မာပြည်အောက်ပိုင်းတွင်ရော အထက်ပိုင်းဒေသ၌ပါ နိုင်ငံတော်က ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံ ထူထောင်နေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ ထူထောင်လုပ်ကိုင်ရာတွင် မိမိတို့နိုင်ငံ၏ ရေ၊ မြေ အခြေအနေအရ လွယ်လင့်တကူရနိုင်သည့် စက်မှုကုန်ကြမ်းများကို အခြေပြုထားသည့် စက်ရုံများကိုရော၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်နေသည့် စက်ရုံများကိုပါ ရွေးချယ်ထူထောင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် ဘိလပ်မြေစက်ရုံများ၊ သံမဏိစက်ရုံများ၊ သကြားစက်ရုံများ၊ ဆပ်ပြာစက်ရုံများ၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်ရုံများ၊ ဆေးဝါးစက်ရုံများ၊ ဒီဇယ်အင်ဂျင်ထုတ်လုပ်သည့် စက်ရုံများ စသည့် ခေတ်မီစက်မှုလုပ်ငန်းများ တစ်ပြိုင်တည်း ပေါ်ထွက်လာနေခြင်းဖြစ်ကြောင်း၊ ခြုံလိုက်လျှင် တိုင်းပြည်တွင် အခြေခံကျသည့် လယ်ယာကဏ္ဍသည် ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ လယ်ယာသုံး စက်ကိရိယာများနှင့် ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ စက်မှုကဏ္ဍသည်လည်း လယ်ယာကဏ္ဍနှင့် ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ဤနေရာတွင် မြင်းခြံဒေသသည် ပြောင်းလဲတိုးတက်နေသည့် နိုင်ငံတော်၏ ဖြစ်စဉ်ကြီးနှင့်အတူ ထပ်တူထပ်မျှလိုက်ပါနေသည့် အချက်အချာကျသော တက်ကြွသော ဒေသတစ်ခု ဖြစ်ကြောင်းကို သတိထားမိကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ အထက်အောက်ညီညွတ်ရေး၊ နားလည်စာနာရေးကိုအခြေခံပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်

▲ စာမျက်နှာ ၄ မှ

ရေရှားပါးမှုဒဏ်၊ ပူပြင်းမှုဒဏ်၊ ဆင်းရဲနွမ်းပါးမှုဒဏ် စသည့် သဘာဝဖိစီးမှုဒဏ်များ ခံစားခဲ့ရသည့် ဒေသဖြစ်သကဲ့သို့ တစ်ချိန်တစ်ခါက ရဲဘော်ဖြူ၊ ကွန်မြူနစ် စသည့် လက်နက်ကိုင်ဆူပူလှုပ်ရှားမှု၏ဒဏ်ရော၊ ဖဆပလ၊ ပထစ၊ ပမညတ စသည့် မြေပေါ်ပါတီအဖွဲ့အစည်းများ စသည့် လူ့ပယောဂနှင့်ယှဉ်သည့် နိုင်ငံရေးလှိုင်းဂယက်ကိုပါ ပြင်းထန်စွာ ခံစားခဲ့ရသည့် နယ်မြေဖြစ်ကြောင်း။

မြင်းခြံခရိုင်သည် မန္တလေးတိုင်းတွင် လူဦးရေအများဆုံးဖြစ်ပြီး ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်သော နယ်မြေ၊ ထန်းလျက်၊ ကြက်သွန်နီ အများအပြားထွက်သည့် နယ်မြေလည်း ဖြစ်ကြောင်း၊ ထို့အပြင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ကုန်သည်ပွဲစားများ အများအပြားပေါ်ထွက်ရာ နယ်မြေလည်းဖြစ်ခြင်းကြောင့် မြင်းခြံခရိုင်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အရ နိုင်ငံတော်တွင် အရေးပါသည့် နယ်မြေတစ်ခုဟုလည်း ဆိုနိုင်ကြောင်း။

မိုးခေါင်ရေရှား၊ ပူပြင်းခြောက်သွေ့သည့် အညာဒေသ၏ ဗဟိုအချက်အခြာဖြစ်သည့်အတွက် ပူပြင်းမှုဒဏ်၊ မိုးခေါင်မှုဒဏ်၊ ရေရှားပါးမှုဒဏ်တို့ကို ခါးစည်းခံစားကြရကြောင်း၊ မိုးခေါင်ရေရှားသည့်နယ်မြေဖြစ်သည့်အတိုင်း ဆန်စပါးကို များများစားစား စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ နီးစပ်ရာ မြစ်သား၊ ကျောက်ဆည်၊ ရွှေဘိုနယ်တို့မှ ဆန်နှင့် အောက်မြန်မာပြည်မှ ဆန်များအပေါ် မှီခိုအားထားနေရသည့် ဆန်လိုဒေသဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရ တာဝန်ယူချိန်မှစပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုအရ မြင်းခြံခရိုင်အပါအဝင် အညာဒေသအတွင်းတွင် ရှိသမျှ ရှားရှားပါးပါး ရေအရင်းအမြစ်များကို ကြိုးကြိုးစားစား ရှာဖွေဖော်ထုတ်ပြီး ရေရရှိရေးလုပ်ငန်း၊ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေး စသည့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ဖိဖိစီးစီး တွန်းတွန်းတိုက်တိုက် အကောင်အထည်ဖော်ခဲ့ကြောင်း။

စိမ်းလန်းစိုပြည်

ထို့ကြောင့် ယနေ့ဆိုလျှင် မြင်းခြံခရိုင်အတွင်းတွင် တောင်သာဆည်၊ ကျောက်တစ်လုံးဆည်၊ စွန်းလွန်းဆည်၊ တောင်ပင်လယ်ဆည်၊ မြောက်ပင်လယ်ဆည်၊ သမက္ကူဆည်၊ စွန်ကန်၊ ဝဲလောင်ဆည်၊ ပင်းချောင်းဆည်၊ ဇီးတောဆည်၊ မြို့သာဆည်၊ ဖောင်းကတောဆည်၊ နတ်သားတောဆည် စသည့် ရေလှောင်တမံ ၁၅ ခုကို တည်ဆောက်ပြီးခဲ့သကဲ့သို့ ဧရာဝတီမြစ်ရေတင်စီမံကိန်းများဖြစ်သည့် ကျောက်တစ်လုံး၊ ရွာသစ်၊ ငါန်းမြှာ၊ ဆီမီးခုံ(၁)၊ ဆီမီးခုံ(၂)၊ ဆီမီးခုံ(၂)တိုးချဲ့၊ သာပေါင်း၊ ဆိတ်ညံ၊ ကျောဇီစသော စီမံကိန်းကိုးခုကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း၊ တောင်သာတောင်၊ နန်းမြင့်တောင်၊ ကုက္ကဲတောင်၊ မြင်းစိုင်းတောင်၊ ကျောက်တစ်လုံးတောင်၊ မင်းစုံတောင် စသည့် တောင်စဉ်တောင်တန်းများသည် သစ်တော၊ သစ်ပင်များ ပြုစုပျိုးထောင်လိုက်သည်နှင့်အမျှ စိမ်းလန်းစိုပြည်လာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နယ်သူနယ်သားများသည် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရက ပြုစုရင်းနှီးထူထောင်ထားသည့် ရေရရှိရေးလုပ်ငန်းများကို အပြည့်အဝ ထိထိရောက်ရောက် အသုံးချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးအောင်၊ ဒေသဆန်ဖူလုံအောင်၊ သီးနှံအထွက်တိုးအောင်၊ တစ်ဦးချင်းကြီးပွားတိုးတက်အောင် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း၊ တစ်ဖက်ကလည်း ရေမြေရာသီဥတုကို ထိန်းနိုင်သည့် သစ်တော၊ သစ်ပင်များကို မြတ်မြတ်နိုးနိုး ကာကွယ်စောင့်ရှောက်ကြရန်လည်း အရေးကြီးကြောင်း။

နိုင်ငံတော်အပိုင်းက ရေရရှိရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ လုပ်ကိုင်ရန် မလိုလောက်အောင် တည်ဆောက်ထူထောင်ခဲ့ပြီးဖြစ်သော်လည်း၊ ယနေ့ ဒေသဆန်ဖူလုံမှုသည် မြင်းခြံခရိုင်အနေဖြင့် ၁၉ ရာခိုင်နှုန်းခန့်၊ တောင်သာမြို့နယ်အနေဖြင့် ၁၇ ရာခိုင်နှုန်းခန့်ပင် ရှိသေးသည့်အတွက် ဒေသခံပြည်သူများအပိုင်းက ဆက်လက်အားထုတ်ကြိုးပမ်းရန် လိုအပ်နေကြောင်းကို ဖော်ထုတ်ရရှိလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ရေရရှိရေးလုပ်ငန်းတွင် တာဝန်ယူနေရသည့် ဝန်ထမ်းအဆင့်ဆင့်ကလည်း စိုက်ပျိုးရေရှိအောင်၊ ရေသေချာအောင်၊ ရေပေးတူးမြောင်းစနစ်များကောင်းနေအောင် ဂရုတစိုက် ပြုပြင်ထိန်းသိမ်းပြီး တောင်သူလယ်သမားများကို စေတနာဖြင့် ကူညီစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏လစာကိုစားပြီး နိုင်ငံ့ဝန်ကို ထမ်းနေသူများ၊ ပြည်သူကို အလုပ်အကျွေးပြုမည့်သူများဖြစ်သည်ဟု ခံယူထားကြမှသာ တာဝန်ကျေပွန်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက မြင်းခြံခရိုင်၊ မြင်းခြံဒေသတွင်

မန္တလေးတိုင်း မြင်းခြံ ခရိုင် တောင်သာမြို့ရှိ စွပ်ကျယ်စက်ရုံ (တောင်သာ) ဖွင့်ပွဲတွင် အမှတ်(၁) စက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနက ခင်းကျင်းပြသထားသော ကြက်ဆူဆီမီးဖိုအသုံးပြုမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ စက်ရုံ၊ အလုပ်ရုံများ၊ ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ မတည်ထူထောင်သကဲ့သို့ သွားရေးလာရေး လွယ်ကူချောမွေ့စေရန် မြင်းခြံ–နွားထိုးကြီး–ပလိပ် ရထားလမ်း၊ မြင်းခြံ–ပုဂံ–ညောင်ဦးရထားလမ်းသစ်များ၊ မြင်းခြံ–ညောင်ဦး ကားလမ်းသစ်များ ဖောက်လုပ်ပေးခဲ့ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြင်းခြံစက်မှုဇုန်ကိုလည်း နိုင်ငံတော်၏ စက်မှုဇုန်တစ်ခုအဖြစ် ထူထောင်ပေးထားပြီး ဖြစ်ကြောင်း။

ထို့အပြင် လူဦးရေများပြားပြီး အချက်အချာကျသည့်အတွက် အဆင့်မြင့်ပညာသင်ယူနိုင်သည့် ဒီဂရီကောလိပ်နှင့် နည်းပညာသိပ္ပံတို့ကို ခံ့ခံ့ညားညား တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးလည်း ဖြစ်ကြောင်း၊ ယင်းအခြေခံကောင်း၊ အမွေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ပြီး သားစဉ်မြေးဆက်အထိ အကျိုးရှိရှိ အသုံးပြုနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိတ်ရင်းစေတနာကောင်းရှိသော ဒေသဖြစ်သည့်အတွက် ဒေသခံ ပြည်သူများကလည်း နိုင်ငံတော်၏စေတနာနှင့်လုပ်ရပ်ကို အမှန်အတိုင်း ခံစားသိရှိကြရမည်



မန္တလေးတိုင်း မြင်းခြံ ခရိုင် တောင်သာမြို့ရှိ စွပ်ကျယ် စက်ရုံ (တောင်သာ) ဖွင့်ပွဲတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ ကောင်းစားရေးအတွက်သာ ရည်မှန်းချက်ထားပြီး ဖြူစင်ထက်သန်သည့် စေတနာသဒ္ဒါတရားများဖြင့် အားထုတ်လုပ်ကိုင်ပေးနေခြင်းသာဖြစ်ကြောင်း၊ သာမန်ပုံမှန်စေတနာမျိုးဖြင့်ဆိုလျှင် ယင်းစက်ရုံများ၊ ယင်းဆည်များ၊ ယင်းလမ်းများ ပေါ်ထွက်လာရန်အတွက် အချိန်များ အများကြီးယူရဦးမည်မှာ သေချာကြောင်း။

ပူးပေါင်းတုံ့ပြန်

ထို့ကြောင့် နိုင်ငံတော်၏ ဦးဆောင်ဦးရွက်ပြုနိုင်မှု၊ လမ်းပြနိုင်မှုတို့အပေါ်တွင် ဒေသခံပြည်သူများကလည်း စေတနာကောင်းကောင်းနှင့် နားလည်မှုရှိရှိ ပူးပေါင်းတုံ့ပြန်ကြရန်လိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အထက်အောက် ညီညွတ်မှုရှိရေး၊ အပြန်အလှန် နားလည်စာနာမှုရှိရေးတို့ကို အခြေခံပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ကြရန် အရေးကြီးကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် နားလည်မှုရှိရှိ ဦးပဲ့ထမ်းပြီး ကိုယ့်စွမ်းကိုယ်စဖြင့် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့်မားလာစေရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး စက်မှုဇုန်ပေါင်း ၁၈ဇုန် ထူထောင်ကာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်ဖြစ်ကြောင်း။

ဤစက်ရုံသစ်ကြီး မိမိတို့ မန္တလေးတိုင်းအတွင်းတွင် တည်ဆောက်နိုင်ခဲ့သကဲ့သို့ ဒေသအတွင်းအပါအဝင် တစ်ပြည်လုံးရှိ ပြည်သူများဝတ်ဆင်မှုအဆင့်အတန်း မြင့်မားလာစေသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းသစ်များလည်း ရရှိသည့်အတွက် ထပ်လောင်းကျေးဇူးတင်ရှိကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်စိုက်

ထို့အပြင် တောင်သာမြို့နယ်တွင်ရှိသည့် ချောင်း၊ မြောင်းကြီးများ၏ သဲသောင်ပြင်များပေါ်တွင် ဘက်စုံစိုက်ပျိုးရေးသည်လည်း တပ်မတော်အစိုးရ လက်ထက်တွင် အရင်ကထက် ကျယ်ကျယ်ပြန့်ပြန့်နှင့် စရိတ်စက သက်သာစွာ လွယ်လွယ်ကူကူ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ လမ်းညွှန်မှုများအရ လောင်စာဆီအစား အစားထိုးအသုံးပြုနိုင်သော ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ရှာဖွေတွေ့ရှိနေကြပြီဖြစ်ကြောင်း၊ ယင်းခြံစည်းရိုးကြက်ဆူပင်သည် မန္တလေးတိုင်း၊ မြင်းခြံ၊ တောင်သာမြို့နယ် အနှံ့အပြား၌ အလွန်အဖိုးထိုက်တန်စွာ ပေါက်ရောက်လျက်ရှိကြောင်းကို တွေ့မြင်ရကြောင်း၊ ကြက်ဆူဆီ၏ အစွမ်းသတ္တိနှင့် အသုံးဝင်ပုံများကို ယနေ့အခမ်းအနားတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ အစီအမံဖြင့် သရုပ်ပြရှင်းလင်းသွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများကလည်း ထိထိရောက်ရောက် လေ့လာရယူသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ဒီဇိုင်းဆန်းသစ်လှပ

ယနေ့ဖွင့်လှစ်သည့် စွပ်ကျယ်စက်ရုံ(တောင်သာ)စီမံကိန်းသည် လက်ရှိတည်ဆောက်ပြီးသည့် စွပ်ကျယ်စက်ရုံများအနက် အကြီးမားဆုံးနှင့် ခေတ်အမီဆုံး စက်ရုံတစ်ရုံဖြစ်ပြီး ခေတ်မီပြီး ဒီဇိုင်းဆန်းသစ်လှပသော စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များအထည်စုံ တစ်နှစ်လျှင် အထည်ရေပေါင်း နှစ်သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ဖွင့်လှစ်ခဲ့သော စွပ်ကျယ်စက်ရုံ(တောင်သာ)စီမံကိန်းသည် များစွာ အထောက်အကူဖြစ်သည့်အလျောက် အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ကာလရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရေးတို့အတွက် စက်ရုံဝန်ထမ်းများသာမက ဒေသရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများကပါ အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားကြရန် လေးလေးနက်နက် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စာမျက်နှာ ၇ ကော်လံ ၁ သို့ *

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သစ်တောဥယျာဉ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေး သစ်တောကဏ္ဍ ဗဟုသုတများ လေ့လာဆည်းပူးရင်းအပန်းဖြေနိုင်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်၏ သစ်တောဥယျာဉ် (Central Forest Zone) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သစ်တောဥယျာဉ်အဝင် ဆိုင်းဘုတ်အနီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ သစ်တောဥယျာဉ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သစ်တောဥယျာဉ် ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးခင်ဝင်းက ကန်တော်ကြီး သဘာဝဥယျာဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော သစ်တောဥယျာဉ် တည်ဆောက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်တို့က သစ်တောဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သစ်တောဥယျာဉ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန်နှင့်ဧည့်သည်များသည် သစ်တောဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

သစ်တောဥယျာဉ်တွင် မြိုင်မာလာကျွန်း၊ သစ်ခွကျွန်းနှင့် ဗိုလ်ချုပ်ပန်းခြံတို့ပါဝင်ပြီး ယခုအခါ ရှားပါးသစ်မျိုးများ ဖြည့်တင်းကာ သစ်မျိုးပေါင်း ၁၃၂မျိုး၊ သစ်ပင်ပေါင်း ၃၂၃၈ပင်နှင့် ဝါးမျိုး ကိုးမျိုးကို စိုက်ပျိုးထားရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကန်တော်ကြီး သဘာဝဥယျာဉ်၏ သစ်တောဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာနှင့် ကျန်းမာရေးအတွက် နားနေလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ကန်ရေပြင်ရှုခင်းအလှကို ကြည့်ရှုနိုင်သော သစ်သားရင်ပြင်နှင့် ရေပန်းခြောက်ခု၊ ပုပ္ပားဒေသမှ မီးသင့်ကျောက်တုံးများဖြင့် တည်ဆောက်ထားသည့် ကျောက်တောင်ရေတံခွန်၊ ပန်းလှေ၊ ပန်းမြွေ၊ ပန်းနာနတ်သီး ပုံစံများ ပြုလုပ်ထားမှု၊ သစ်တောကြိုးဝိုင်းများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သစ်တောထွက် ပစ္စည်းများ၊ သစ်သားနမူနာများ၊ သစ်စေ့နမူနာများ၊ သစ်လုံးကွဲသားများတွင် ရိုက်နှိပ်သည့် တံဆိပ်တုံးများ၊ဆေးဖက်ဝင်သစ်တောထွက်ပစ္စည်းများ၊ ရုပ်လုံးသွင်း သားရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်ရန် ပညာပေးပြခန်းငယ်တစ်ခု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ထားသည့် ROCK Garden နှင့် ပုပ္ပားတောင်ကလပ်ပုံစံတူမျှော်စင်၊ သစ်လုံးတွန်းဆင်ရုပ်နှင့် သစ်လုံးဆွဲဆင်ရုပ်များ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသဖြင့် သစ်တောကဏ္ဍ ဗဟုသုတများစွာ လေ့လာဆည်းပူးရင်းအပန်းဖြေနိုင်သည့် ဥယျာဉ်တစ်ခုဖြစ်သည်။

(သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့် အလှူတော်ရေစက်ချပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးမြို့ ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၏ သက်တော်(၃၈)နှစ်ပြည့် မွေးနေ့အလှူတော်အဖြစ် ဆရာတော် တည်ထားကိုးကွယ်သော လေးကျွန်းမာရ်အောင်စေတီ ဗုဒ္ဓပူဇနိယပွဲ၊ မြသိန်းတန်စေတီနှစ်ဆူ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ၊ အောင်မင်္ဂလာနှစ်ထပ်ကျောင်း ရေစက်ချပွဲ၊ စာသင်ကျောင်း တံတိုင်းအောင်ပွဲ၊ ရူပံကြယ် မီးစက်တိုက်ဖွင့်ပွဲနှင့် ရူပံကြယ်စာကြည့်တိုက်၊ ရူပံကြယ်ဓမ္မဗိမာန်တော် အုတ်မြစ်စီမင်္ဂလာပွဲများကို ဇန်နဝါရီ ၃၁ရက်တွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း အင်းတိုင်တပ်နယ် ခြစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် တက်ရောက် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော် စိုက်ပျိုးရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း စစ်ဌာနချုပ် အင်းတိုင်တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဈေးနှုန်းကြီးမြင့်သည့် လောင်စာဆီများအစား ဇီဝလောင်စာဆီများကို အစားထိုးသုံးစွဲရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်သည် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ကြက်ဆူစေ့ကိုကြိတ်၍ ရရှိသောဆီကို ဘိုင်အိုဒီဇယ်အဖြစ် အသုံးပြုနိုင်ခြင်းကြောင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်အဖြစ်သာမကဆေးဝါးအဖြစ်လည်းကောင်း၊ ကြိတ်ဖတ်ကို သဘာဝမြေသြဇာအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ခြံစည်းရိုးကြက်ဆူပင်ကို မြေလွတ်၊ မြေလပ်များ၊ မြေရိုင်းများ၊ အခြားအပင်များ စိုက်ပျိုးမဖြစ်ထွန်းနိုင်သည့် မြေညံ့များတွင် စိုက်ပျိုးပြီး စက်သုံးဆီလိုအပ်ချက်ကို ဖြည့်တင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် ၂၀၀၅ခုနှစ်မှ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန်လျာထားပြီးဖြစ်ရာ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များကလည်း ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော် စိုက်ပျိုးကြစေလိုကြောင်းနှင့် ယနေ့ပျိုးထောင်စိုက်ပျိုးလိုက်သည့် ပျိုးပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် အင်းတိုင်တပ်နယ်မှူးဗိုလ်မှူးကြီးဘိုလွင်က ပျိုးပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနည်းစနစ်နှင့် အသုံးဝင်ပုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး ဒေါ်မာမာဝေတို့က တက်ရောက်လာကြသူများအား ခြံစည်းရိုး ကြက်ဆူပျိုးပင်များကို ဝေငှပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့သည် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူအစေ့၁၇၆၀၀နှင့် ပျိုးပင်၁၀၀၀၀ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးကြကာ ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းလွင်ကုန်းအနီး၌ ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်လဂွမ်းပြင် ရေလှောင်တမံ၏ အရှည်ဖဒေသမ ၈၂မိုင်ရှိ လက်တံ (၁)မြောင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းပြသပြီး တိုင်းမှူးက နွေစပါးခင်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေအပြည့်အဝ ပေးသွင်းနိုင်ရေးအတွက် အမြန်ပြီးစီးအောင် စီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ အင်းတိုင်တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက်၊ မနောသုခကျောင်းတိုက်၊ မိုးကုတ်အဖွဲ့ခွဲ (၁၂၅)တွင် (၅၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်စခန်းကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ပဋ္ဌိစ္စသမုပ္ပာဒ် သင်တန်းပြ ဆရာကြီး ဦးကျော်မင်း၊ ဆရာမကြီး ဒေါ်ဝိဇ္ဇာသိဂီနှင့် ကထိက သစ္စာရဲမင်း (ဘီအက်စ်စီ) တို့ကဟောကြားပြသမည်ဖြစ်ရာယောဂီများ ဖုန်း-၀၉၅၁၀၅၅၈၃ သို့ဆက်သွယ်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပဲခူးတိုင်း ကဝမြို့နယ်၊ သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာကျောင်းသား ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဦးစောဂျယ်နီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေလှဲ့နှင့် အလှူရှင် ဦးတင်လှိုင်(ပါရမီ အင်ဂျင်နီယာကုမ္ပဏီ) တို့အား တွေ့ရစဉ်။ (က-ပ)

✻ စာမျက်နှာ ၅ မှ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် မုချမသွေ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း စနစ်တကျကြီးကြပ်မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဝန်ကြီးချုပ်ဦးဆောင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်တွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန် ၁၈ခုတွင် အကြီးစားစက်မှုလုပ်ငန်း ၁၆၅၄ခု၊ အလတ်စားစက်မှုလုပ်ငန်း ၂၄၁၆ခု၊ အငယ်စားစက်မှုလုပ်ငန်း ၅၅၀၉ခု စုစုပေါင်း စက်မှုလုပ်ငန်း ၉၅၇၉ခုကို စနစ်တကျ စုစည်းထားရှိပြီးဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတော်ပိုင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ဆက်လက်မြှင့်တင်နိုင်ရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးက မိမိတို့ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိကြကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနက စက်ရုံ-စီမံကိန်းသစ်များ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ၁၉၈၈-၈၉ခုနှစ်မှ ၁၉၉၅-၉၆ ခုနှစ်အထိ စီမံကိန်းစက်ရုံအသစ် ၁၁ ရုံ၊ ၁၉၉၆-၉၇ခုနှစ်မှ ၂၀၀၄-၂၀၀၅ခုနှစ်အထိ စီမံကိန်းသစ်စက်ရုံ ၄၅ရုံ၊ စုစုပေါင်းစက်ရုံအသစ် ၅၆ရုံကို တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် တောင်သာစွပ်ကျယ်စက်ရုံသည် ၁၉၈၈-၈၉ခုနှစ် နောက်ပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ၅၇ရုံမြောက် တည်ဆောက်ပြီးစီးသည့် စီမံကိန်းစက်ရုံအသစ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

တောင်သာစွပ်ကျယ်စက်ရုံကြီး ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဒေသခံ ၁၆၀၀ ကျော် အလုပ်အကိုင်များရရှိကြပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရုံသာမက အလုပ်လုပ်ကိုင်သူများ၏ မိသားစုများ၏ဘဝများစွာ အဆင်ပြေ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စီးပွားရေးပိုင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပညာရေးပိုင်းတွင် အဆင့်မြင့် ပညာရပ်များကို သင်ကြားခွင့်တိုးမြှင့်ရရှိလာပြီး ထူးချွန်ထက်မြက်သူများပေါ်ပေါက်ရေး အထောက်အကူများစွာ ရရှိလာကြောင်း။

ယနေ့ဖွင့်လှစ်သည့် တောင်သာ စွပ်ကျယ်စက်ရုံကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CWGC ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို တည်ဆောက်ခဲ့သော စက်ရုံကြီးတစ်ရုံဖြစ်သည့်အတွက် တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးခရီးတွင်လည်း ထူးခြားထင်ရှားသော မှတ်တိုင်ကြီးတစ်ခု ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်သီတာက ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စွပ်ကျယ်စက်ရုံ(တောင်သာ)ဖွင့်ပွဲတွင် ဒေသခံပြည်သူများကိုယ်စား တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်သီတာ ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူ ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စက်ရုံဝင်းအတွင်း ခင်းကျင်းပြသရောင်းချသော တောင်သာစွပ်ကျယ်စက်ရုံ ယာယီအရောင်းဆိုင်ရှိ စက်ရုံထွက် အဝတ်အထည်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ခင်းကျင်းပြသ သရုပ်ပြသော ကြက်ဆူဆီထုတ်လုပ်မှု၊ ဒီဇယ်ဆီအစားအသုံးပြုမှု ပြကွက်များကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပြကွက်အမှတ်(၁)တွင် ကြက်ဆူစေ့ဖြင့် ဆီကြိတ်ခြင်း ပြကွက် အမှတ်(၂)တွင် ကြက်ဆူဆီသန့်ခြင်းနှင့် ပြကွက်အမှတ်(၃)တွင် ကြက်ဆူဆီ မီးဖိုအသုံးပြုမှုတို့ ကြည့်ရှုသည်။

ထို့နောက် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၏ ပြကွက်အမှတ်(၄)တွင် ကြက်ဆူဆီဖြင့် ရေတင်ပန့် သရုပ်ပြမောင်းနှင်ခြင်း၊ ပြကွက်အမှတ်(၅)တွင် ကြက်ဆူဆီဖြင့်(20 KW) မီးစက်မောင်းနှင်ခြင်း၊ ပြကွက်အမှတ်(၆)တွင် ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်မောင်းနှင်ခြင်းနှင့် ပြကွက်အမှတ်(၇)တွင် ကြက်ဆူဆီဖြင့် သုံးဘီးယာဉ် မောင်းနှင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပြကွက်အမှတ်(၅)တွင် ပြသထားသော ကြက်ဆူဆီဖြင့် မောင်းနှင်သည့် မီးစက်သည် မြင်းကောင်ရေအား (60 H.P) ရှိပြီး လျှပ်စစ်ဓာတ်အား (20 KW) ထုတ်လုပ်နိုင်သည့်စက်အတွက် ဓာတ်ဆီကို အသုံးပြုပါက တစ်နာရီလျှင် ဝ ဒသမ ၃၀ ဂါလန် ကုန်ကျမည်ဖြစ်ပြီး ကြက်ဆူဆီကို အသုံးပြုပါက တစ်နာရီလျှင် ဝ ဒသမ ၃၂ ဂါလန် ကုန်ကျမည်ဖြစ်သည်။

ဆက်လက်၍ နွားထိုးကြီးမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ တောင်သာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် မြင်းခြံမြို့နယ်တို့၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် စက်ရုံအတွင်း အထည်များ ထုတ်လုပ်နေမှု၊ စက်ယန္တရားများအသုံးပြုမှုတို့ကို လှည့်လည်စစ်ဆေးသည်။

ရှေးဦးစွာ စက်ထိုးထည် အလုပ်ရုံအတွင်း အလိုအလျောက် ချည်ရစ်စက်၊ ကွန်ပျူတာသို့ ထည့်သွင်းပေးသော ဒီဇိုင်းအတိုင်း ပိတ်စများကို ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် ရက်လုပ်သည့် တစ်ထပ်သားထိုးစက်နှင့် နှစ်ထပ်သား ထိုးစက်များ၊ ပိတ်စစ်စက်၊ ဖလက်ထိုးစက်များဖြင့် ချည်ထည်များ ရက်လုပ်ထုတ်လုပ်နေမှုနှင့် ထွက်ရှိလာသော ပိတ်စများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အချောကိုင်အလုပ်ရုံအတွင်း သာမန်အပူချိန် ဖိအားပေးဆေးဆိုးစက်၊ အပူချိန်မြင့် ဖိအားဖြင့် ဆေးဆိုးစက်များ၊ ပိတ်သားလှန်စက်၊ ပိတ်သားရေညှစ်စက်၊ ပိတ်ရေစိုဖြန့်စက်၊ အခြောက်လှန်းစက်နှင့် ကွန်ပျူတာစနစ်ထိန်းချုပ်သည့် ပန်းရိုက်နှင့် အခြောက်ခံစက်ဖြင့် ဆေးရောင်စုံဒီဇိုင်းများ တစ်ပြိုင်တည်း ဆေးဆိုးပန်းရိုက်နေမှုနှင့် တီရှပ်များ၊ စပို့ရှပ်များအပါအဝင် အချော ကိုင်စက်ရုံမှ ထုတ်လုပ်သည့် ပစ္စည်းများကို ကြည့်ရှုသည်။

ထို့နောက် အထည်ချုပ်အလုပ်ရုံအတွင်း ပိတ်ဖြန့်စက်များ၊ ဓားဖြောင့်ပိတ်ဖြတ်စက်များ၊ ဓားကွေးပိတ်ဖြတ်စက်များ၊ ပိတ်အနားဖြတ်စက်များ၊ ကုပ်ကြိုးဖြတ်စက်များ၊ မီးပူတိုက်စက်များ၊ စက်လိုင်းအလုံး ၁၅၀ ဖြင့် အထည်များချုပ်လုပ်နေမှုများကို ကြည့်ရှုပြီး စွပ်ကျယ်စက်ရုံ(တောင်သာ)မှ ထုတ်လုပ်သည့် စွပ်ကျယ်များ၊ တီရှပ်များ၊ စပို့ရှပ်များ၊ အားကစားဝတ်စုံများ၊ ဝတ်ဆင်ထားသည့်စက်ရုံမှ အလုပ်သမလေးများအား နှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်က ပြည်တွင်းက ထွက်ရှိသည့် ဝါကို ပွင့်ဖြူစက်ရုံကဲ့သို့သော ချည်မျှင်စက်ရုံများတွင် ချည်မျှင်ရက်လုပ်ပြီး ပုလိပ်စက်ရုံတွင် ဆေးဆိုးပြီး အထည်ချုပ်ရသည့်စနစ်တစ်ရပ်လုံး ဤစက်ရုံတစ်ခုတည်း၌ ပါဝင်နေကြောင်း၊ ခေတ်မီစက်ရုံကြီးဖြစ်သည်နှင့်အညီ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကိုက်အောင်၊ အကျိုးရှိ ထိရောက်အောင် အသုံးပြုသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် စွပ်ကျယ်စက်ရုံ(တောင်သာ)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက စက်ရုံ၏ တည်နေရာ၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် သွင်းကုန်အစားထိုးဖြစ်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဝတ်ဆင်မှု အဆင့်အတန်းမြင့်မားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များပေါ်ပေါက်လာစေရန်နှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အတွက် နည်းပညာဆိုင်ရာ မြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် စက်ရုံကို တည်ဆောက်ခဲ့မှု၊ တစ်မျိုးသားလုံး၏ အဝတ်အထည်လိုအပ်ချက်နှင့် စက်မှု(၁) စက်ရုံများမှ ဖြည့်ဆည်းနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ရုံအတွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co, Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Cheng Zheng Hao အား သစ်သီးခြင်းလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ကျပ်သန်းပေါင်း ၂၇၂၇ ဒသမ ၉၇သန်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈၂ သန်းအပါအဝင် နိုင်ငံခြားငွေသန်း ၂၂ ဒသမ ၅၅၂ သန်း စုစုပေါင်းကျပ်သန်းပေါင်း ၂၇၅၀ ဒသမ ၅၂၃၀ သန်း ရင်းနှီးမြှုပ်နှံထားမှု၊ အဓိက ကုန်ထုတ်စက်ပစ္စည်းကိရိယာ ၂၄၇လုံး တပ်ဆင်ထားရှိမှု၊ စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များ တစ်လလျှင် အထည် တစ်သိန်းခြောက်သောင်းကျော်နှင့် တစ်နှစ်လျှင် အထည်နှစ်သန်းထုတ်လုပ်ပေးနိုင်မှု စွမ်းအား၊ စက်ရုံအတွက် အဓိကကုန်ကြမ်းလိုအပ်ချက် နှစ်စဉ်သွင်းအားစုလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က တောင်သာမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးရေးအခြေအနေများကို မေးမြန်းရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်ဝိတ်က မြို့နယ်၏ ပညာရေးဆိုင်ရာလိုအပ်ချက်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောသန့်ဆွေက တောင်သာမြို့အတွက် ရေပေးဝေမှုနှင့် ရရှိမှုအခြေအနေနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမင်းခိုင်က ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd. အမှုဆောင် အရာရှိချုပ် Mr. Cheng Zheng Hao က စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် ဂါရဝပြုလက်ဆောင် ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးချုပ်က အမှုဆောင်အရာရှိချုပ် Mr. Cheng Zheng Hao အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စွပ်ကျယ်စက်ရုံ (တောင်သာ)မှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ဂုဏ်ပြုထောက်ခံ ငမိုးရိပ် ဂျိုးဖြူရေပိုက်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီး၍ သင်္ဃန်းကျွန်းမြို့နယ် (ဂ/ဃ)ရပ်ကွက်တို့တွင် ငမိုးရိပ် ဂျိုးဖြူရေပိုက်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်၉နာရီခွဲက သံသုမာလမ်းနှင့် လွတ်လပ်ရေးလမ်းထိပ်ရှိ မုခ်ဦး၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဦးသောင်းရင်၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်၊ မြို့နယ်အတွင်းရေးမှူးနှင့် အသင်းသူ၊ အသင်းသားများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် ရန်ကုန်တိုင်းတာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက မင်္ဂလာရွှေဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရေပိုက်ဖွင့်ပွဲ ဒုတိယပိုင်း အစီအစဉ်ကို အမက(၁၉)၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** (၁၉)

ထူးခြားသည့် ညအပူချိန်များ

၂၈-၁-၂၀၀၆

ဟားခါး
၂ ဒီဂရီ စင်တီဂရိတ်
လားရှိုးနှင့် မိုးကုတ်
၃ ဒီဂရီ စင်တီဂရိတ်
နမ့်စန်နှင့် ပြင်ဦးလွင်
၄ ဒီဂရီ စင်တီဂရိတ်

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားတွင် တိုင်းအဆင့် ကျောင်းလုပ်ငန်း ထူးချွန်ပထမဆုရရှိသော Grade. 9 G မှ မောင်သူရဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(ပညာရေး)

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃)

စို

နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသုံးစရိတ်များ လိုအပ်မည်ဖြစ်ပါသည်။ လိုအပ်သည့် အသုံးစရိတ်များရရှိစေရန် အတွက် နိုင်ငံတစ်နိုင်ငံသည် ဘဏ္ဍာငွေရှာဖွေခြင်း၊ ရရှိသော ဘဏ္ဍာငွေကို သင့်တင့်မျှတစွာ ခွဲဝေသုံးစွဲခြင်းများ ပြုလုပ်ရပါသည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအသီးသီးသည် အခွန်တော် ကောက်ခံရေး၊ ဘဏ္ဍာငွေသုံးစွဲရေးတို့နှင့် စပ်လျဉ်းပြီး မိမိနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စသည်တို့နှင့် လိုက်လျောညီထွေရှိမည့် နည်းလမ်းအသွယ်သွယ်ကို ကျင့်သုံးလေ့ရှိကြပါသည်။

မြန်မာနိုင်ငံ၌လည်း ရှေးမြန်မာဘုရင်များ အုပ်ချုပ်စဉ်ကပင် အခွန်တော်များကို ကောက်ခံခဲ့ပါသည်။ မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့ ကျူးကျော်သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ်ကလည်း ၎င်းတို့အလိုကျ ဥပဒေများ၊ အမိန့်များ ပြဋ္ဌာန်းထုတ်ပြန်ပြီး ပြည်သူလူထုထံမှ အခွန်တော်များ ကောက်ခံခဲ့သည့်အပြင် ၎င်းတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ၏ သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲ အမြတ်ထုတ်သွားကြောင်း တွေ့ရှိနိုင်ပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ ပြည်နယ်များက ကောက်ခံခွင့်ရှိသည့် အခွန်တော်များစာရင်းကို ဖော်ပြထားပြီး ပြည်နယ်အရ အသုံးစာရင်းအရ ပိုငွေလိုငွေများအတွက် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါသည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ကျင့်သုံးသည့်အခါတွင် ပြည်ထောင်စုတစ်ခုလုံးအတွက် တစ်စုတစ်စည်းတည်း ရန်ပုံငွေထားရှိပြီး ပြည်နယ်နှင့်တိုင်းများ၏ အသုံးစရိတ်များကို ဗဟိုက သင့်တင့်လျောက်ပတ်စွာ ခွဲဝေပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

အနာဂတ်နိုင်ငံတော်၌ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ ကျင့်သုံးဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း စနစ်တကျ ဒီမိုကရေစီအနှစ်သာရ ပြည့်ဝစွာဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကို ဖော်ဆောင်သွားနိုင်ရေးအတွက် အမျိုးသားညီလာခံက အသေးစိတ်အခြေခံရမည့်မူများ ညှိနှိုင်းချမှတ်ထားပြီးဖြစ်ရာ အကျယ်တဝင့် သိရှိနိုင်ရေးအတွက် မေးမြန်းဆွေးနွေး တင်ပြလိုက်ရပါသည်–

စိုးမြကျော် – နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ အခွန်တော်ကောက်ခံခြင်း၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့နဲ့ စပ်လျဉ်းပြီး ညီလာခံ တာဝန်ရှိပုဂ္ဂိုလ်တွေရော အမျိုးသားညီလာခံ ကိုယ်စားလှယ်တွေပါ နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေကို လေ့လာခဲ့ကြတယ်။ ဘကြီးတို့ မြန်မာနိုင်ငံအပါအဝင် တချို့နိုင်ငံတွေရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ ပြည်နယ်အစိုးရတွေကို သတ်မှတ်တဲ့အခွန်တွေ ကောက်ခံခွင့်ပြုပြီး လိုငွေကို ဗဟိုအစိုးရက ထောက်ပံ့ပေးကြောင်းတွေ့ရှိရတယ်။ အဲဒီလို ဗဟိုအစိုးရက ပြည်နယ်အစိုးရတွေကို ရန်ပုံငွေ ခွဲဝေချထားခြင်း၊ ထောက်ပံ့ခြင်း၊ ချေးငှားခြင်း ကိစ္စရပ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အသေးစိတ်လေ့လာ စိစစ်ထောက်ခံပေးဖို့ ဘဏ္ဍာရေးကော်မရှင်တွေ ဖွဲ့စည်းဆောင်ရွက်ကြတယ်လို့လဲ ပြဋ္ဌာန်းထားတာ တွေ့ရတယ်။

ကြီးကြီးမြ – ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကျင့်သုံးတုန်းကလဲ လွှတ်တော်တွေက ဘဏ္ဍာရေးကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြတာပါပဲ။

ဘကြီးစိုး – အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေအရ အနာဂတ်နိုင်ငံတော်မှာ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရတွေနဲ့ ပြည်နယ်အစိုးရတွေ ရှိလာမှာ ဖြစ်တယ်။ အဲဒီ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရတွေနဲ့ ပြည်နယ်အစိုးရတွေကို ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာခွဲဝေရာမှာ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်နဲ့လျော်ညီပြီး မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီမယ့် နည်းလမ်းတွေကို ချမှတ်ကျင့်သုံးသွားသင့်တယ် မဟုတ်လား။

စိုးမြကျော် – မျက်မှောက်ခေတ် နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်းနဲ့စပ်လျဉ်းပြီး ဆောင်ရွက်နေပုံတွေကိုပါ တစ်ဆက်တည်း ရှင်းပြပေးပါလား ဘကြီး။

ဘကြီးစိုး – ယနေ့ကာလရဲ့ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်းတွေကိုကြည့်ရင် ပြည်နယ်နဲ့တိုင်းအများစုဟာ မိမိတို့ ကောက်ခံရရှိတဲ့ အခွန်တော်ငွေတွေထက် သုံးစွဲကုန်ကျတဲ့ အသုံးစရိတ်တွေက ပိုပြီးများနေတာကို အကြမ်းဖျင်း လေ့လာတွေ့ရှိရတယ်။ အဲဒီလို ရငွေထက် သုံးငွေပိုနေတဲ့ ပြည်နယ်နှင့်တိုင်းတွေအတွက် လိုငွေတွေကို နိုင်ငံတော်ဘဏ္ဍာငွေက ဖြည့်ဆည်းပေးလျက်ရှိတယ်။ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကောက်ခံရရှိတဲ့ အခွန်တော်ငွေတွေကို အတတ်နိုင်ဆုံး မျှမျှတတသုံးစွဲခွင့် ရအောင် ဆောင်ရွက်ပေးနေတာ တွေ့ရတယ်။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ အဲဒီလိုအခြေအနေတွေအပေါ် မူတည်သုံးသပ်ချမှတ်ထားတဲ့ အနာဂတ်နိုင်ငံတော်ရဲ့ နိုင်ငံတော် ဘဏ္ဍာငွေ အရအသုံးစာရင်းနဲ့ပတ်သက်ပြီး ဘယ်လိုစီမံလုပ်ကိုင်ဆောင်ရွက်သွားမယ်ဆိုတာ ရှင်းပြပေးပါဦး။

ဘကြီးစိုး – အနာဂတ်နိုင်ငံတော်မှာ ပြည်ထောင်စုနယ်မြေ အသုံးစရိတ်တွေ အပါအဝင်ဖြစ်တဲ့ ပြည်ထောင်စုရဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သင့်တော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေနဲ့ ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ဒါမှမဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ပြုစုထောက်ခံတင်ပြနိုင်ဖို့အတွက် ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပါတယ်–

(၁)	**နိုင်ငံတော်သမ္မတ**	**ဥက္ကဋ္ဌ**
(၂)	**ဒုတိယသမ္မတများ**	**ဒုတိယဥက္ကဋ္ဌများ**
(၃)	**ပြည်ထောင်စုရှေ့နေချုပ်**	**အဖွဲ့ဝင်**
(၄)	**ပြည်ထောင်စုစာရင်းစစ်ချုပ်**	**အဖွဲ့ဝင်**
(၅)	**တိုင်းဒေသကြီးဝန်ကြီးချုပ်များ နှင့်ပြည်နယ်ဝန်ကြီးချုပ်များ**	**အဖွဲ့ဝင်များ**
(၆)	**ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ**	**အဖွဲ့ဝင်**
(၇)	**ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး**	**အတွင်းရေးမှူး**

စိုးမြကျော် – အဲဒီကော်မရှင်က ဆောင်ရွက်ရမယ့် အခြားကိစ္စရပ်တွေ ရှိရင်လဲ သိပါရစေဘကြီး။

ဘကြီးစိုး – **ဘဏ္ဍာရေးကော်မရှင်ဟာ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း ဒါမှမဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ ထောက်ခံတင်ပြသွားရမယ့်အပြင် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်တဲ့ ကိစ္စရပ်တွေကိုလဲ အကြံပြုပေးသွားရမှာဖြစ်တယ်။ အလားတူပဲ ခိုင်မာတဲ့ ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး တာဝန်ပေးအပ်တဲ့ ကိစ္စရပ်တွေကိုလဲ အကောင်အထည်ဖော်သွားရလိမ့်မယ်။**

စိုးမြကျော် – ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကျင့်သုံးတုန်းကလဲ လွှတ်တော်တွေက ဘဏ္ဍာရေးကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြတယ်လို့ ခုနကကြီးကြီးရှင်းပြသွားပါတယ်။အဲဒါနဲ့ဆက်စပ်ပြီးဆွေးနွေးပေးပါဦးခင်ဗျာ။

ကြီးကြီးမြ – ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ(၉၆)ရဲ့ ပြဋ္ဌာန်းချက်နဲ့အညီ လွှတ်တော်တွေက ဘဏ္ဍာရေး ကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တယ်ဆိုပေမယ့် အဲဒီတုန်းက ဘဏ္ဍာရေးကော်မတီဖွဲ့စည်းမှုဟာ အခု ဘဏ္ဍာရေး ကော်မရှင်ဖွဲ့စည်းသလို အခြေခံဥပဒေမှာ တစ်ပါတည်း ပြဋ္ဌာန်းပြီး ဖွဲ့စည်းတာမျိုးမဟုတ်ဘူးကွယ့်။ ဒါဟာ ဖြစ်ပေါ်လာမယ့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာ ခွဲဝေအပ်နှင်းမှုအပိုင်းမှာ ပိုပြီး အနှစ်သာရပြည့်ဝနေကြောင်း ပေါ်လွင်ထင်ရှားစေတဲ့ အချက်တစ်ချက်ပါပဲ။

ဘကြီးစိုး – အဲဒီလို ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ရုံတင် မကဘူး။ ပြည်ထောင်စု ဝန်ကြီးဌာနတွေရဲ့ အရအသုံး ခန့်မှန်းခြေငွေစာရင်းနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တွေရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို နိုင်ငံတော် သမ္မတက တာဝန်ပေးအပ်တဲ့ ဒုတိယသမ္မတ တစ်ဦးက ဦးဆောင်စိစစ်ပြီး အရအသုံး ငွေစာရင်းလျာထားချက်ကို **ဘဏ္ဍာရေးကော်မရှင်**သို့ တင်ပြသွားရမယ်လို့လဲ အသေးစိတ်အခြေခံရမယ့်မူ သတ်မှတ်ပေးထားပါသေးတယ်။

စိုးမြကျော် – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အရအသုံး ငွေစာရင်းကိုကော ဘကြီး။

ဘကြီးစိုး – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အရ အသုံးငွေစာရင်း တွေကိုလဲ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်တဲ့ ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီးအရအသုံး ငွေစာရင်းလျာထားချက်ကို **ဘဏ္ဍာရေးကော်မရှင်** သို့ တင်ပြသွားရမှာပဲ ဖြစ်တယ်။

ကြီးကြီးမြ – ပြည်ထောင်စုရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကိုရော၊ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ် အရအသုံးငွေ စာရင်းတွေကိုရော ဒုတိယသမ္မတတစ်ဦးစီက ဦးဆောင်ပြီး စိစစ်ပေးသွားမှာဖြစ်တာမို့ ပိုပြီးတိကျမှန်ကန်မှု ရှိလာမှာ ဖြစ်သလို ပိုမိုအကျိုးသက်ရောက်တဲ့ အရအသုံး ငွေစာရင်းလျာထားချက်တွေ ဖြစ်လာမှာ သေချာပါတယ်။

စိုးမြကျော် – အဲဒီလို ဒုတိယသမ္မတနှစ်ဦး သီးခြားစီဦးဆောင်စိစစ်တဲ့ အရအသုံး ငွေစာရင်းတွေကို **ဘဏ္ဍာရေးကော်မရှင်** ကို တင်ပြလာတဲ့အခါ ဘယ်လိုဆက်လုပ်သွားမှာလဲဘကြီး။

ဘကြီးစိုး – **ဘဏ္ဍာရေးကော်မရှင်ဟာ ပြည်ထောင်စုရဲ့ အရအသုံး ခန့်မှန်းခြေငွေစာရင်းနဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်း ပေးခြင်း၊ အထူးကိစ္စ တစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့်ချေးငွေများ ထုတ်ချေးခြင်းတို့ပါဝင်တဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ ကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေး အတွက် နိုင်ငံတော်သမ္မတထံကို ထောက်ခံ တင်ပြ သွားရလိမ့်မယ်။ ထူးခြားမှုတစ်ခုကတော့ ဘဏ္ဍာ ရေးကော်မရှင်ဟာ လိုအပ်ရင် ဘဏ္ဍာရေး ကျွမ်းကျင် သူတွေဆီက အကြံဉာဏ် ရယူနိုင်တာပဲ ဖြစ်တယ်။**

စိုးမြကျော် – အဲဒီဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှုကိုကြည့်ရင် တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေ၊ ပြည်နယ်ဝန်ကြီးချုပ်တွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရတာမို့ မိမိတို့ တိုင်းဒေသကြီးတွေ၊ မိမိတို့ပြည်နယ်တွေရဲ့ ဘဏ္ဍာရေး လိုအပ်ချက်တွေကို ထိထိရောက်ရောက် တင်ပြခွင့် ရရှိ နိုင်မှာပဲနော်။

ကြီးကြီးမြ – ဒါပေါ့ကွယ်။ **ဘဏ္ဍာရေးကော်မရှင်ဟာ ပြည်ထောင်စု တစ်ခုလုံးအတွက်သာမက တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေနဲ့ စပ်လျဉ်းတဲ့ ဘဏ္ဍာရေးလိုအပ်ချက် တွေကို ဆွေးနွေးညှိနှိုင်းခြင်း၊ အကူအညီပေးခြင်းအားဖြင့် သက်ဆိုင်ရာ နယ်မြေဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မျှတစွာဖြစ်ပေါ်အောင် တစ်ဆက်တစ်စပ်တည်း ဆောင် ရွက်ပေးသွားနိုင်မှာဖြစ်တ**[…]
အနှစ်သာရကို ဖော်ဆော[…]
အလမ်းတွေ မျှမျှတတရရှိအေ[…]
တွေပါပဲ။

စိုးမြကျော် – မှန်ပါတယ် ခင်ဗျာ။ ဘဏ္ဍာ[…]
တင်ပြတဲ့ ပြည်ထောင်စုရဲ့ […]
ဥပဒေကြမ်းကို ရရှိလာတဲ့အ[…]
ဘယ်လို ဆက်လက်ဆောင်[…]
ပေးပါဦး ဘကြီး။

ဘကြီးစိုး – ပြည်ထောင်စု အစိုးရအဖွဲ့က[…]
ဖြစ်စေ၊ ဒါမှမဟုတ်ရင် နိုင်ငံ[…]
အပ်ထားတဲ့ ပုဂ္ဂိုလ်ကဖြ[…]
ပြည်ထောင်စုလွှတ်တော်သို့[…]

စိုးမြကျော် – ဒါဆို ပြည်ထောင်စုလွှတ်[…]
စပ်လျဉ်းပြီး သဘောတူ အ[…]
လျှော့ချခွင့်ပြုခြင်းတွေကို အ[…]
နိုင်တာပေါ့နော် ဘကြီး။

ဘကြီးစိုး – မောင်ကျော်ပြောတာမှန်ပါတ[…]
ယန္တရား ချောမွေ့စွာ စဉ်ဆ[…]
အတွက် အခက်အခဲနဲ့ […]
ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအ[…]
မှာပါရှိတဲ့ အသုံးစရိတ်အချို့[…]
လွှတ်တော်က ဆွေးနွေးပို[…]
ငြင်းပယ်ခြင်း၊ လျှော့ချခွင့်ပြ[…]
အခြေခံရမယ့်မူ ချမှတ်ထ[…]
စရိတ်တွေကတော့–

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအ[…]
သော ပြည်ထောင်စုဒ[…]
အကြီးအကဲများနှင့် အ[…]
စရိတ်နှင့် ယင်းအဖွဲ့အစ[…]

(၂) ပြည်ထောင်စုက ပေးဆ[…]
များ၊ ယင်း ကြွေးမြီများ[…]
စရိတ်များ၊ ပြည်ထေ[…]
ဆက်နွှယ်သော အခြာ[…]

(၃) တရားရုံးသို့မဟုတ်ခုံရုံး[…]
ဒီကရီအရ ပေးဆောင်[…]

(၄) တည်ဆဲဥပဒေတစ်ရပ်[…]
ဆိုင်ရာ စာချုပ်တစ်ခ[…]
အခြား အသုံးစရိတ်မျ[…]
တို့ပဲ ဖြစ်တယ်။

စိုးမြကျော် – အဲဒီ အသုံးစရိတ်တွေမှ[…]
အတွက် ပြည်ထောင်စုလွှတ်[…]
အကျိုးအတွက် အကျေအ[…]
ဆန္ဒနဲ့အညီ သဘောတူ အ[…]
နိုင်တယ်၊ လျှော့ပြီးခွင့်ပြုနိုင်[…]
နော်။

ကြီးကြီးမြ – မှန်တာပေါ့ကွယ်။ ဖွဲ့စည်းပုံ[…]
အတွက် ရှေးရှုပြီး ပြဋ္ဌာန်းထ[…]
မလွဲမသွေ ဆောင်ရွက်ရမယ့်[…]
လိုက်နာဆောင်ရွက်ကြရမှာ[…]
အရ ပိုပြီးကောင်းမွန်သင့်[…]
ဆောင်ရွက်ခွင့်တွေကိုလဲ ယ[…]
တွေ့ရှိရမှာဖြစ်ပါတယ်။

ဘကြီးစိုး – ဒါတင်မကသေးဘူးကွယ့်။ […]
သက်ဆိုင်ရာ ဘဏ္ဍာရေးန[…]
ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ[…]

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ[…] အတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလ[…] ဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေးစိတ်အ[…] လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သ[…] လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အ[…] နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွား[…]

ဘဏ္ဍာရေးကော်မရှင်ဟာ ပြည်ထောင်စု တစ်ခုလုံးအတွက်သာမက တိုင်းဒေသကြီးအလိုက်၊ ပြည်နယ် အလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေနဲ့ စပ်လျဉ်းတဲ့ ဘဏ္ဍာရေးလိုအပ်ချက်တွေကို ဆွေးနွေးညှိနှိုင်းခြင်း၊ အကူအညီပေးခြင်းအားဖြင့် သက်ဆိုင်ရာ နယ်မြေဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မျှတစွာ ဖြစ်ပေါ်အောင် တစ်ဆက်တစ်စပ်တည်း ဆောင် ရွက်ပေးသွားနိုင်မှာဖြစ်တယ်။ ဒါတွေဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ဖော်ဆောင်ပေးထားရုံမကဘဲ အခွင့် အလမ်းတွေ မျှမျှတတရရှိအောင် ဖော်ဆောင်ပေးထားတာ တွေပါပဲ။

...င်း (၁၃)

စိုးမြကျော်

...ခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ...ခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်း ...ဆိုပါ အခြေခံမူများနှင့် အသေးစိတ်အခြေခံ ရမည့်မူများကို ...င်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော် ...တ်နိုင်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင် ...ာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

ရွက်ပေးသွားနိုင်မှာဖြစ်တယ်။ ဒါတွေဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ဖော်ဆောင်ပေးထားရုံမကဘဲ အခွင့်အလမ်းတွေ မျှမျှတတရရှိအောင် ဖော်ဆောင်ပေးထားတာတွေပါပဲ။

စိုးမြကျော် – မှန်ပါတယ် ခင်ဗျာ။ ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြတဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရရှိလာတဲ့အခါမှာ နိုင်ငံတော် သမ္မတက ဘယ်လို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော် သမ္မတက ဖြစ်စေ၊ ဒါမှမဟုတ်ရင် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်ထားတဲ့ ပုဂ္ဂိုလ်ကဖြစ်စေ အဲဒီဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားရမှာဖြစ်တယ်။

စိုးမြကျော် – ဒါဆို ပြည်ထောင်စုလွှတ်တော်က အဲဒီဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတွေကို အများဆန္ဒနဲ့အညီ လုပ်ဆောင်နိုင်တာပေါ့နော် ဘကြီး။

ဘကြီးစိုး – မောင်ကျော်ပြောတာမှန်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့ ယန္တရား ချောမွေ့စွာ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် အခက်အခဲနဲ့ ကြန့်ကြာမှုတွေမရှိအောင် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းမှာပါရှိတဲ့ အသုံးစရိတ်အချို့နဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးပိုင်ခွင့် ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရဆိုပြီး အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတာရှိတယ်။ အဲဒီအသုံးစရိတ်တွေကတော့–

(၁) **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊**

(၂) **ပြည်ထောင်စုက ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်း ကြွေးမြီများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွယ်သော အခြားကုန်ကျစရိတ်များ၊**

(၃) **တရားရုံးသို့မဟုတ်ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊**

(၄) **တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြား အသုံးစရိတ်များ**

တို့ပဲ ဖြစ်တယ်။

စိုးမြကျော် – အဲဒီ အသုံးစရိတ်တွေမှအပ ကျန်အသုံးစရိတ်တွေအတွက် ပြည်ထောင်စုလွှတ်တော်မှာ ပြည်သူတစ်ရပ်လုံးအကျိုးအတွက် အကျေအလည်ဆွေးနွေးပြီး အများဆန္ဒနဲ့အညီ သဘောတူ အတည်ပြုနိုင်တယ်၊ ငြင်းပယ်နိုင်တယ်၊ လျှော့ပြီးခွင့်ပြုနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့နော်။

ကြီးကြီးမြ – မှန်တာပေါ့ကွယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံ့အကျိုးအတွက် ရေးရှုပြီး ပြဋ္ဌာန်းထားတဲ့ သတ်မှတ်ချက်တွေအရ မလွဲမသွေ ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရမှာဖြစ်သလို ဒီမိုကရေစီသဘောအရ ပိုပြီးကောင်းမွန်သင့်မြတ်အောင် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခွင့်တွေကိုလဲ ယှဉ်တွဲဖော်ဆောင်ပေးထားတာတွေ့ရှိရမှာဖြစ်ပါတယ်။

ဘကြီးစိုး – ဒါတင်မကသေးဘူးကွယ့်။ **ပြည်ထောင်စုလွှတ်တော်ဟာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ လျာထားသော ရငွေတွေနဲ့ ခွင့်ပြုထားသော သုံးငွေတွေအပြင် နောက်ထပ်ရငွေတွေ လျာထားဖို့နဲ့ သုံးငွေတွေ ခွင့်ပြုဖို့ လိုအပ်တဲ့အခါ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကိုလဲ အထက်ကရှင်းပြတဲ့နည်းလမ်းအတိုင်းပဲ ပြဋ္ဌာန်း ဆောင်ရွက်သွားရမှာဖြစ်တယ်။**

စိုးမြကျော် – ဒါဆိုရင် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ် အရအသုံးငွေစာရင်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်မှာလဲ ဘကြီး။ ရှင်းပြပေးပါဦး။

ဘကြီးစိုး – ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးစာရင်းနဲ့ ပတ်သက်ပြီး ဆောင်ရွက်သလိုမျိုး ဆောင်ရွက်ရမှာပါပဲကွယ်။ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အလိုက် ပြည်ထောင်စု ဘဏ္ဍာငွေ ရန်ပုံငွေမှရရှိတဲ့ ဘဏ္ဍာငွေတွေ ပါဝင်တဲ့ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်က စိစစ်ထောက်ခံ တင်ပြရမယ်။ အဲဒီ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က လိုအပ်သလိုဆွေးနွေးပြီး အများဆန္ဒနဲ့အညီ သဘောတူ အတည်ပြုနိုင်တယ်၊ ငြင်းပယ်နိုင်တယ်၊ လျှော့ပြီးခွင့်ပြုနိုင်တယ်။ ဒါပေမယ့် မလွဲမသွေ ခွင့်ပြုရမယ့် အသုံးစရိတ်တွေနဲ့ ပတ်သက်လို့တော့ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မှာ ဆွေးနွေးနိုင်သော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုရဘူးလို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ထားတယ်။

စိုးမြကျော် – မလွဲမသွေ လက်ခံအတည်ပြုရမယ့် အသုံးစရိတ်တွေက ဘာတွေများလဲ ဘကြီး။

ဘကြီးစိုး – အဲဒီအသုံးစရိတ်တွေကတော့–

(၁) **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့်အဖွဲ့အစည်းဝင်များ၏လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊**

(၂) **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏အသုံးစရိတ်များ၊**

(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့်ဆက်နွယ်သောကုန်ကျစရိတ်များ၊**

(၄) **တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊**

(၅) **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များ**

ဆိုတာတွေပဲ ဖြစ်တယ်။

စိုးမြကျော် – ရှင်းပါပြီ ဘကြီး။ **စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ မရှိမဖြစ်သော အခြေခံလိုအပ်ချက်(၃)ရပ်ဖြစ်တဲ့ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက် ရေး၊ နိုင်ငံတော်ရဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးတို့ကို ဖော်ဆောင်ရာမှာ အထူးလိုအပ်တဲ့ အခြေခံအဆောက်အအုံ (Infra-structure)တွေကို လက်ရှိ အရှိန်အဟုန်အတိုင်း ဆက်လက်တည်ဆောက်သွားနိုင်မှသာ နိုင်ငံတော်ဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေမှာ ဖြစ်ပါတယ်။** အဲဒီလို ပြည်ထောင်စုတစ်ခုလုံး ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးဖို့အတွက် ငွေကုန် ကြေးကျ အများအပြားရှိလာမှာမို့ လုံလောက်တဲ့ ဘဏ္ဍာငွေရရှိဖို့ လိုအပ်မှာပဲနော် ဘကြီး။

ဘကြီးစိုး – မှန်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကိုကြည့်ရင် သမိုင်းတစ်လျှောက် ဘယ်တုန်းကမှ မရဖူးသေးတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိနေတာ တွေ့ရမှာ ဖြစ်တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးကို အထောက်အကူဖြစ်စေမယ့် အခွန်တော်ကောက်ခံရေး၊ ဘဏ္ဍာငွေသုံးစွဲရေးတို့ကို စနစ်တကျ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာတွေကို ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေအကြား သင့်တင့်မျှတစွာ ခွဲဝေသုံးစွဲရေးနဲ့စပ်လျဉ်းလို့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး **“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့် အခွန်အခများမှာ အောက်ပါအတိုင်းဖြစ်သည်”**လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ကြတယ်။ အဲဒီ အခွန်အခတွေကတော့–

(၁) **မြေယာခွန်**

(၂) **ယစ်မျိုးခွန်၊**

(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အား သုံးစွဲခ၊**

(၄) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ ဖြတ်သန်းခ၊**

(၅) **ငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေးများ–**

(ကက) **ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊**

(ခခ) **သတ်မှတ်ထားသော အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်း လုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊**

(၆) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သောအခွန်၊**

(၇) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှ ရရှိသော အကျိုးအမြတ်များ၊**

(၈) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ် ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊**

(၉) **တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊**

(၁၀) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသော အတိုးများ၊**

(၁၁) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့်ရရှိသည့် အကျိုးအမြတ်များ၊**

(၁၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ–**

(ကက) **ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့် အခွန်၊**

(ခခ) **ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်၊**

(၁၃) **မှတ်ပုံတင်ကြေး၊**

(၁၄) **ပွဲခွန်၊**

(၁၅) **ဆားခွန်၊**

(၁၆) **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေများ၊**

(၁၇) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊**

(၁၈) **ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့်ပစ္စည်းများ၊**

(၁၉) **ရတနာသိုက် (Treasure Trove)**

တို့ပဲဖြစ်တယ်။

စိုးမြကျော် – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တွေကို ကောက်ခံခွင့်ပြုထားတဲ့ အခွန်အခ အမျိုးအစားတွေက အများကြီးပဲနော် ကြီးကြီး။

ကြီးကြီးမြ – ဟုတ်တယ်ကွယ့်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ခွင့်ပြုထားတာထက် ပိုပြီးများနေတာ တွေ့ရတယ်။ ဒါဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေအတွက် ဘဏ္ဍာရန်ပုံငွေပိုမိုရရှိအောင် ဖော်ဆောင်ပေးထားတာပဲ ဖြစ်တယ်။

စိုးမြကျော် – ရှင်းပါပြီခင်ဗျာ။ အဲဒီလိုကောက်ခံရရှိတဲ့ အခွန်အခတွေပါဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွေကို နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနဲ့အညီ သုံးစွဲသွားကြရမှာပေါ့နော်။

ဘကြီးစိုး – ဒါတင်ဘယ်ကပါ့ဦးမလဲကွယ်။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်အောင် နှစ်စဉ်ဆောင်ရွက်ရာမှာ မိမိတို့ကောက်ခံရရှိထားတဲ့ အခွန်တော်ငွေတွေနဲ့ မလုံလောက်ဘူးဆိုရင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ဖြည့်ဆည်းပေးသွားမှာဖြစ်တယ်။ ဒါနဲ့မှ မလုံလောက်သေးဘူးဆိုရင် နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေကို စိစစ်ပြီး ခွင့်ပြုနိုင်စွမ်းရှိတဲ့ ထောက်ပံ့ ငွေတွေကို အထူးကိစ္စတစ်ရပ်အနေနဲ့ ထောက်ပံ့သွားဦးမယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေဟာ မိမိတို့နယ်မြေဒေသအတွင်း ဒေသန္တရလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့ ရန်ပုံငွေလိုနေရင်လဲ ပြည်ထောင်စုနဲ့ ညှိနှိုင်းပြီး ချေးယူနိုင်ဦးမှာ ဖြစ်တယ်။**

စိုးမြကျော် – အဲဒီလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေတွေထားရှိပြီး နှစ်စဉ်အသုံးစရိတ်တွေ သတ်မှတ်ပေးဖို့ လိုအပ်သလို ပြည်ထောင်စုအနေနဲ့လဲ ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းကြီးတွေ၊ လုပ်ငန်းကြီးတွေ ဖော်ဆောင်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ အသုံးစရိတ်များ ကျခံပေးနိုင်ဖို့လဲ လိုအပ်မှာပဲနော်။

ဘကြီးစိုး – ဒါကြောင့်မို့ အမျိုးသားညီလာခံက **“ပြည်ထောင်စုသည် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များက ကောက်ခံခွင့်ရှိသော အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနဲ့အညီ ကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ ပြည်ထောင်စုသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဥပဒေနှင့်အညီ သုံးစွဲပိုင်ခွင့်ရှိသည်”** လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ပေးထားတာပဲ ဖြစ်တယ်။

စိုးမြကျော် – ပြည်ထောင်စုနယ်မြေတွေအတွက် အခွန်အခကောက်ခံပုံကကော ဘကြီး။

ဘကြီးစိုး – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တွေကောက်ခံဖို့ သတ်မှတ်ထားတဲ့ ရငွေများနဲ့ အခွန်အခ အမျိုးအစားတွေကို ပြည်ထောင်စုနယ်မြေတွေမှာ ကောက်ခံဖို့ရှိရင် ပြည်ထောင်စုက ဥပဒေနဲ့ အညီကောက်ခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကိုပေးသွင်းသွားရမှာ ဖြစ်တယ်။

စိုးမြကျော် – ကျေးဇူးပါပဲခင်ဗျာ။ အခုလို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ဥပဒေ ပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူ အားလုံးကို ဆွေးနွေးပြီးချိန်မှာ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှုအသွင်သဏ္ဍာန်ကလဲ စနစ်တကျ၊ အနှစ်သာရကလဲ အပြည့်အဝရှိနေကြောင်းကို ပေါ်လွင်ထင်ရှားစွာ ရှုမြင်ပုံဖော်နိုင်ပါပြီ။

ဘကြီးစိုး – ဒါပေါ့မောင်ကျော်။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအပိုင်းမှာ နိုင်ငံတော်နဲ့ တိုင်းရင်းသားအားလုံးအတွက် အနှစ်သာရတွေ ပြည့်စုံနေတာ တွေ့ရမှာဖြစ်သလို အနာဂတ် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအပိုင်းမှာလဲ တိုင်းရင်းသားအားလုံးအတွက် ဘယ်လိုအနှစ်သာရတွေ၊ အကျိုးကျေးဇူးတွေနဲ့ ပြည့်စုံနေတယ်ဆိုတာကို နောက်အပတ်မှာ ဆက်ပြီး ဆွေးနွေးပုံဖော်ကြည့်ကြတာပေါ့။

ကြီးကြီးမြ – အဲဒီနေ့ကျရင် မောင်ကျော်တို့ တူဝရီးအတွက် ကြီးကြီးက ရေနွေးကြမ်း၊ လက်ဖက်သုပ်တင်မကဘဲ မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးထားတဲ့ ဆတ်သားခြောက်ဖုတ်ပါ စီစဉ်ထားမယ်ကွယ့်။

စိုးမြကျော် – အတော်ပဲကြီးကြီးရေ။ ဆတ်သားခြောက်မစားရတာ ကြာပြီဆိုတော့ လာမယ့်အပတ်ကျရင် ကျွန်တော်စောစောလာခဲ့ပါ့မယ်။ ။

✪ ကျောဖုံးမှ

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိန်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးတင်မောင်(အငြိမ်းစား)တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စက်ခလုတ်နှိပ်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အသိပညာနှင့် အတတ်ပညာရှင်များ၏ စွမ်းအားသည် အဓိကကျကြောင်း၊ ထို့ကြောင့်ယနေ့ အမျိုးသားပညာရည်မြင့်မားရေး အစီအစဉ်များကို စနစ်တကျ ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရည်အသွေးရော၊ အရည်အချင်းပါ ပြည့်ဝသည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ ခေတ်မီအဆင့်ဖြစ်ရေး၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝရေး၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ စုံစုံလင်လင်ဖြည့်ဆည်းပေးရေး စသည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အခြေခံပညာကဏ္ဍအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျေးရွာခြောက်သောင်းကျော်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်၍ သုံးရွာလျှင်နှစ်ကျောင်းနှုန်းရှိနေပြီး ဆရာ၊ ဆရာမ ၂၅၀၀၀၀ ကျော်ကို ခန့်ထားပေးထားပြီးဖြစ်ကြောင်း။

ဗဟုသုတကြွယ်ဝရန်လို

ထို့ပြင် ယနေ့အချိန်အခါသည် ပြည်သူအများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာပြီး ဒီမိုကရေစီအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် ထာဝစဉ်ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ပြည်သူအများ အသိပညာဗဟုသုတနှင့် ပြည့်စုံကြွယ်ဝရန် အရေးကြီးကြောင်း။

အလိမ္မာ စာမှာ ရှိဆိုသကဲ့သို့ အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ရန်အတွက် ပြည်သူအများအသိပညာကြွယ်ဝစေရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ကြီးကို Educated Nation အဖြစ် ပညာရေးကဏ္ဍက စွမ်းဆောင်ပေးကြရမှာဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားပေး

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အသွေး ပြည့်ဝစေရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရင်း တပည့်ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန် မှာကြားလိုကြောင်း။

လူငယ်လူရွယ်များအား ငယ်စဉ်ကပင် ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းများ လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ ရရှိလာပြီး နိုင်ငံတော်၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးသည့် နိုင်ငံသားများဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရန်မှာကြားလိုကြောင်း။

ထို့ပြင် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးလှသည့် တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်း ရှင်သန်နေရေးအတွက် လေ့ကျင့်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမျိုးသား ပညာရည်မြင့်မားရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးကြည်ထွန်း(အငြိမ်းစား)က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများအဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ်သိန်း ၂၀၊ သန်မြန်သူလုပ်ငန်းစု ကော်မတီက ငွေကျပ် ၂၅သိန်း၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (KN ကုမ္ပဏီ) က ငွေကျပ်သုံးသိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ်နှစ်သိန်းခုနစ်ဆယ်၊ ဦးကျော်ဝင်းဆွေ (5 Stone Co., Ltd.)၊ ဦးဝင်းအောင် (လောင်စာတောင့်လုပ်ငန်း) တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်အောင်မြတ်ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေး)နှင့် ဦးသန်းနိုင်ဝင်း (သန်မြန်သူ လောင်စာတောင့်လုပ်ငန်း) တို့က ငွေကျပ်တစ်သိန်းစီ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)နှင့် တိုင်းမှူးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးသန်းစိန်က ကျောင်းဆောင်သစ်ဆောက်လုပ်ပေးသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နှင့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနက ခွင့်ပြုငွေကျပ် ၁၈၈ သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ်သိန်း ၂၀ နှင့် အလှူရှင်များ စုပေါင်းထည့်ဝင်ငွေကျပ် ၁၅၇သိန်း တို့ဖြင့်ဆောက်လုပ်ခဲ့ပြီး အလျားပေ ၁၄၀၊ အနံပေ ၃၀၊ စာသင်ခန်းရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ(လေးထောင့်ကန်) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော် အထူးစည်ကား စတုတ္ထနေ့တွင် ပြည်သူတစ်သိန်းခွဲကျော် လာရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၈

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်၏ စတုတ္ထနေ့ဖြစ်သော ယနေ့သည် အများပြည်သူတို့၏ အလုပ်ပိတ်ရက် စနေနေ့ဖြစ်သည်နှင့်အညီ လာရောက်ကြည့်ရှု လေ့လာအပန်းဖြေကြသူ ပြည်သူ ၁၅၀၀၀၀ ကျော်ဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ရှိ သစ်တောရေးရာဝန်ကြီးဌာနပြခန်းတွင် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သမိုင်း အကျဉ်းချုပ်၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ခေတ်အဆက်ဆက်ကြီးကြပ်ဆောင်ရွက်မှုများ၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အကြောင်း သိကောင်းစရာများ တိုးတက်ဖြစ်ထွန်းလာသော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ ထူးခြားသော ကျေးငှက်တိရစ္ဆာန်များကို ပြသထားသည်။

ထို့အပြင် ပွဲတော်လာပြည်သူများအတွက် ကုမ္ပဏီများ၏ လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန် ပစ္စည်းအရောင်းပြခန်းကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးအတွက် တိရစ္ဆာန်လိမ္မာပြပွဲနှင့် နာမည်ကျော် စတီရီယိုတေးသံရှင်များ ပါဝင်သည့်စင်တင်တေးဂီတများဖြင့်လည်း ဧည့်ခံဖျော်ဖြေတင်ဆက်ပေးလျက်ရှိရာ ပြည်သူအများ ပျော်ရွှင်ချမ်းမြေ့စွာ ကြည့်ရှုအားပေးကြသည်။

အလားတူ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်လာပြည်သူများသည် မြွေ၊ကျား၊ဆင်၊ဝက်ဝံ၊ စွန်ခေါင်းဖြူ၊ လင်းယုန်၊ ငှက်ကုလားအုတ် စသည့်ရှားပါးတိရစ္ဆာန်များနှင့်အတူ အမှတ်တရဓာတ်ပုံများရိုက်ကြပြီး ရက္ခဗေဒဆိုင်ရာ အပင်အမျိုးပေါင်း ၂၀၀ကျော်တို့ကိုလည်း ကြည့်ရှုလေ့လာကြသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ယခုအခါ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း လာရောက်ကြည့်ရှု အပန်းဖြေကြသူ ပြည်သူများ အထူးများပြားလှသဖြင့် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သော ယနေ့နှင့် ဇန်နဝါရီ ၂၉ရက် (တနင်္ဂနွေနေ့)တို့တွင် နေ့စဉ်ပုံမှန် နံနက် ၇ နာရီမှ ညနေ ၆ နာရီခွဲအထိ ဖွင့်လှစ်ပြသထားခြင်းအစား နံနက် ၇နာရီမှ ည ၇ နာရီခွဲအထိ အချိန်တစ်နာရီ တိုးမြှင့်ဖွင့်လှစ်ပြသပေးလျက်ရှိသည်။

အဆိုပါ ပွဲတော်ကို ဇန်နဝါရီ ၂၉ရက် အများပြည်သူအလုပ်ပိတ်ရက် တနင်္ဂနွေနေ့နှင့် ပွဲတော်နောက်ဆုံးနေ့ဖြစ်သည်နှင့်အညီ ပြည်သူများအထူးစည်ကားသိုက်မြိုက်စွာ လာရောက်အပန်းဖြေကြမည်ဖြစ်သဖြင့် စတီရီယိုတေးသံရှင် မျိုးကျော့မြိုင်၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ Big Bag၊ ဘိုဖြူ၊ သီရိဂျေမောင်မောင်၊ ရှင်ဖုန်း အပါအဝင် နာမည်ကျော်များနှင့် အထူးဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် စတုတ္ထနေ့တွင် လာရောက် ကြည့်ရှုလေ့လာအပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၈

ရဲမွန်ကျွန်းသာယာ ဂေါက်ကွင်း၌ ဇန်နဝါရီ ၂၃ ရက်က ဦးဌေးအောင်သည် ကစားဖော်များ ဖြစ်ကြသော ဒေါက်တာသန်းထွဋ်၊ ဦးချစ်ထွန်း၊ ဦးဝင်းမြင့်၊ ဒုတိယဗိုလ်မှူးကြီးရစ်ကြူးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားကြစဉ် ကျင်းအမှတ် (၈)သို့ ကိုက် ၁၅၀ အကွာအဝေးမှ MAXFLI (4) ဘောလုံးကို IRON NO(6) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	မိုးကုတ်ဆရာတော်ကြီးတရားတော် -ဒိဋ္ဌိဖြုတ်ရေးအမှတ်(၂)တရားတော်
၉:၁၀	၁၀။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၁၅	၄။	မေးမြန်းစူးစမ်း
၁၂:၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀	၆။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် ခိုင်မြဲသောမေတ္တာ (အပိုင်း-၂)**
၀၁:၅၀	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၀၁:၅၉	၈။	အပိတ်နှုတ်ဆက်စကား
၀၂:၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၃၅	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၅။	အမေးကမ္ဘာတွေးစရာ
၆:၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၇။	နိုင်ငံတကာသတင်း
၆:၂၀	၈။	မိုးလေဝသသတင်း
၆:၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၀။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နန်းတွင်းရတနာ (အပိုင်း-၅)**
၈:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၄။	ပဟေဠိနန်းတော်
	၁၅။	**ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်**
	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပါရမီရှင်သိုင်းလုလင် (အပိုင်း-၁၄)**
	၁၇။	သင့်အတွက်မနက်ဖြန်
	၁၈။	ပြီးပါပြီ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက် ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး(၁၁)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်သုံးဆီရရှိရေးအတွက် ခြစည်းရိုးကြက်ဆူပင်များကို ကျေးရွာခြံစည်းရိုးတွင် စိုက်ပြီး ကျေးလက်သောက်သုံးရေ ရရှိရေးလုပ်ငန်းကို စမ်းသပ်ဆောင်ရွက်လျက်ရှိရာအောင်မြင်နေ

☆ **စစ်ကိုင်းတိုင်းမှ**

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၆ ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၆၁ဖွဲ့တို့က မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၉၉၉ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက အပူပိုင်းဒေသ တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်/တိုင်းများရှိ ရေခက်ခဲသောကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။

စာရင်းကောက်ရရှိ

ထိုသို့လမ်းညွှန်မှုအရ စည်ပင်သာယာရေးအဖွဲ့များက ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေခက်ခဲသော ကျေးရွာ၊ ရေမလုံလောက်သောကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာပေါင်း ၈၀၄၂ ရွာရှိပြီး အခြားပြည်နယ်နှင့် တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ရွာရှိပါသဖြင့် တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာစုစုပေါင်း ၂၃၂၂၅ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းကို စာရင်းကောက်ယူရရှိခဲ့ပါကြောင်း။

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် စီမံကိန်း ကာလစတင်သော ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ ကျေးရွာပေါင်း ၇၄၆၇ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ခဲ့သဖြင့် ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ အခြားပြည်နယ်နှင့်တိုင်း ၁၄ခုရှိ ၁၅၁၈၃ ရွာအနက် ကျေးရွာပေါင်း ၇၈၆၈ ရွာအား သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၅၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်နယ်/တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်း ကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၅၃၃၅ ရွာကို သန့်ရှင်းသောသောက် သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ကျေးလက်ဒေသများရေရရှိရေးအတွက်–

- နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၉၉၈၁၁သမ၉၀ သန်း
- စည်ပင်သာယာရေးအဖွဲ့များ၏ရန်ပုံငွေ ကျပ် ၄၀၆၂၁သမ၆၄ သန်း
- ပြည်တွင်း/ပြည်ပအလှူရှင်များ၏လှူဒါန်းငွေကျပ် ၁၁၇၃၁သမ၉၂ သန်း
  အမေရိကန်ဒေါ်လာ ၇၄၂၅၂
  EURO ၇၇၀၊ FEC ၁၀၀၁၂
- နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အမေရိကန်ဒေါ်လာ ၅၁သမ၆၀ သန်း
  ဂျပန်ယန်း ၇၃၄၁သမ၀၈ သန်း
- စုစုပေါင်းရန်ပုံငွေ ကျပ် ၇၂၃၅၁သမ၄၇ သန်း
  အမေရိကန်ဒေါ်လာ ၅၁သမ၆၇ သန်း
  EURO ၇၇၀၊ FEC ၁၀၀၁၂
  ဂျပန်ယန်း ၇၃၄၁သမ၀၈ သန်း

ကိုသုံးစွဲခဲ့သဖြင့် ရေရရှိရေးလုပ်ငန်းများမှာ အရှိန်အဟုန် ပိုမိုမြင့်မားလာခြင်းဖြစ်ပါကြောင်း။

စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေများမှာ ပထမအကြိမ်မှ ဒသမအကြိမ်အထိ စုစုပေါင်းအလှူရှင် ၁၅၁၅ ဦးက ငွေကျပ် ၁၁၇၃၉သမ၂၄ သိန်း၊ အမေရိကန်ဒေါ်လာ ၇၄၂၅၂၊ EURO ၇၇၀ နှင့် FEC၁၀၀၁၂ တို့လှူဒါန်းရရှိခဲ့ပါကြောင်း။

ယခု ဧကာဒသမအကြိမ်တွင် အလှူရှင် ၁၃၃ ဦးက ငွေကျပ် ၁၃၁၆သမ၈၂ သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ ကို ကြိုတင်လှူဒါန်းပေးထားသည့်စာရင်းများအရ သိရှိရပါကြောင်း။

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နှင့် အခြားလူမှုရေးအသင်းအဖွဲ့များကလည်း ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency -JICA)၊ အာရှ–ဂျပန် ပေါင်းကူးအဖွဲ့ Bridge Asia Japan (BAJ)၊ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တို့ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ စစ်ကိုင်းတိုင်း၌ ခုနစ်မြို့နယ်၊ မကွေးတိုင်း၌ ခုနစ်မြို့နယ်၊ မန္တလေးတိုင်း၌ ၁၁ မြို့နယ် စုစုပေါင်း ၂၅ မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် မကြာခင်က ဖွင့်လှစ်ခဲ့သော ပခုက္ကူခရိုင် အတွင်းရှိ ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့အား မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွက် စုစုပေါင်းမြို့နယ် ၃၀ တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ပခုက္ကူတစ်ခရိုင်လုံးကိုလည်း ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီးလည်း မြို့နယ်လုံးကျွတ်မှသည်ခရိုင် လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှသည် တိုင်းလုံးကျွတ် အဆင့်ထိ တိုးတက်ကာ ရေရရှိရေးကိုလည်း ဆောင်ရွက်သွားရန် ရည်မှန်းထားရှိပြီးဖြစ်ပါကြောင်း။

ယခုအခါတွင် စက်သုံးဆီ ရရှိရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို ကျေးရွာခြံစည်းရိုးများတွင် စိုက်ပျိုးကြပြီး ကျေးလက်သောက်သုံးရေရရှိရေး လုပ်ငန်းကိုလည်း စမ်းသပ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်နေပြီ ဖြစ်ပါကြောင်း။

အလှူရှင်များ၏ စေတနာကို တုန့်ပြန်သည့် အနေဖြင့် စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်ရှိ ဝန်ထမ်းများက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက် ရှိသကဲ့သို့ လှူဒါန်းခဲ့သော စက်ရေတွင်းများ ရာသက်ပန်အသုံးပြုနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းများကိုလည်း ကျေးလက်ဒေသရှိ ပြည်သူများနှင့် ပူးပေါင်း၍ စေတနာမေတ္တာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေများအဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၄၃သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်နှင့် အကျိုးတူလုပ်ငန်းများက ငွေကျပ်သိန်း ၁၀၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ်၂၅သိန်း၊ ဦးကြည်စွမ်–ဒေါ်တင်တင်ဝင်း ပတ္တမြားဆန်စက်၊ ကျိုက်လတ်မြို့က ငွေကျပ် သိန်း ၁၀၀၊ ဦးချစ်ခိုင်(Eden Group Co., Ltd)က ငွေကျပ်သိန်း ၃၀၊ တောင်ကြီးမြို့နေ ဦးကျော်ဦး–ဦးချစ်စိန် မိသားစု မြတ်ယမုံကုမ္ပဏီက ငွေကျပ် ၂၈သိန်း၊ ဦးဝင်းနိုင်–ဒေါ်သန်းသန်းဆွေ မိသားစု (Waterwork Engineering Group Co., Ltd) ရေနှင့် သန့်ရှင်းမှုအင်ဂျင်နီယာ လုပ်ငန်းအဖွဲ့ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်က ငွေကျပ် ၂၇သိန်း၊ ဦးတင့်ဆန်း–ဒေါက်တာ ဌေးဌေးငြိမ်း (ACEဆောက်လုပ်ရေး)က ငွေကျပ် ၂၅သိန်း၊ ရွှေတောင် အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၊ Asia HT Tech Co., Ltd. က ငွေကျပ်သိန်း ၂၀၊ ဦးတေဇ(MD)Htoo Trading Co., Ltd. က ငွေကျပ်သိန်း၂၀၊ ဦးစိုင်းတစ်အောင်(နောင်တုံကုမ္ပဏီ)က ငွေကျပ်သိန်း၂၀၊ ဦးရန်ဝင်း(A-1 ဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း၂၀၊ တက်ခမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၊ ဦးကျော်ဝေ–ဒေါ်ဆွေသဇင် အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ဗိုလ်မှူးကြီးသန်းတင့်(ငြိမ်း)–ဒေါ်ညွန့်ယဉ်၊ သား မောင်သန့်စင်ထွန်း–မငြိမ်းငြိမ်းမိုး၊ သမီး မြတ်ခိုင်သီ– မောင်မိုးကျော်မြင့်၊ သား မောင်စိုးဆက်ထွန်းနှင့် မြေး မယွန်းလက်ျာတို့က ငွေကျပ် ၁၈သိန်း၊ ကွယ်လွန်သူမိခင်ကြီး ဒေါ်ကျင်မိုးအားရည်စူး၍ ဖခင်ကြီး ဦးတက်ဌာအား အမှူးထားပြီး ဦးမြင့်ဆွေ၊ ဦးမြင့်စိန်၊ ဦးမြင့်ထွေး၊ ဦးအောင်လွင်၊ ဒေါ်မြကြူ ၊ ဦးအောင်ဇော် သားသမီးမြေးတစ်စုတို့က ငွေကျပ် ၁၆သိန်း၊ မိခင်ဒေါ်ရင်ရင်မေ၊ ဦးခင်မောင်မြင့်–ဒေါ်အုံးအုံးအောင်၊ သားပြည်ဟိန်းကျော်(လှသူဇာရတနာမိသားစု၊ အင်းစိန်ဈေး)က ငွေကျပ် ၁၆သိန်း၊ မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ ကွယ်လွန်သူဖေဖေ ဦးညွန့်ဟန်၊ မမဒေါ်ဌေးဌေးမြင့်၊ မောင်လေး ငယ်ငယ်၊ တူလေး ထွန်းထွန်းအားရည်စူး၍ မေမေ ဒေါ်မြကြည်အား အမှူးထားကာ သမီးများဖြစ်သော ဒေါ်ခင်ထွေးမြင့်၊ ဒေါ်သီတာမြင့်တို့ကငွေကျပ် ၁၄သိန်း၊ ကွယ်လွန်သူနှစ်ဖက်သော ဘိုးဘွားများနှင့် ဦးဝင်းအားရည်စူး၍ ဒေါ်ခင်လှ မိသားစုက ငွေကျပ်၁၄သိန်း၊ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးဟံငြိမ်း–ဒေါ်နွဲ့နွဲ့ယဉ်၊ သမီး မသန္တာဆွေဦး၊ သား မောင်တင်ဇာလွင်ဦးတို့က ငွေကျပ် ၁၁ သိန်းငါးသောင်း၊ ဦးကျော်ဆန်း–ဒေါ်ခင်မြမြ မိသားစုက ငွေကျပ် ၁၁သိန်း၊ ဦးစိန်ဝင်း(ရတနာစိန်သရဖူကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ ဦးဝင်းအောင်–ဒေါ်မိုးမြမြ မိသားစု Dagon International Ltd. က ငွေကျပ်၁၀သိန်း၊ ဦးဝင်းထင်ကျော်(အုပ်ချုပ်မှုဒါရိုက်တာ) W.H.K Co., Ltd. က ငွေကျပ်၁၀သိန်း၊သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်း၊ ဦးသိန်းဝင်း (MD)–ဒေါ်တင်တင်ဝင်း (ရွှေသပြေကုမ္ပဏီ)က ငွေကျပ် ၁၀သိန်း၊ ဦးအောင်ထွေး Golden Flower Co., Ltd. ကငွေကျပ် ၁၀သိန်း၊ ဦးဇော်မျိုးနိုင် (M.D), ASPIDIN Co., Ltd. က ငွေကျပ်၁၀သိန်း၊ 'DAMCO' Diamond Mercury Co., Ltd က ငွေကျပ် ၁၀သိန်း၊ ဦးဇော်ဇော်(မက်စ်မြန်မာကုမ္ပဏီ)က ငွေကျပ် ၁၀သိန်း၊TZTMက ငွေကျပ် ၁၀ သိန်း၊ ဦးအောင်သက်မန်း ဧရာရွှေဝါဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဦးမောင်မောင်–ဒေါက်တာနီလာသိန်း(မျက်စိအထူးကု) ရန်ကုန်က ငွေကျပ် ၁၀သိန်း၊ ဗိုလ်တထောင် မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းသွယ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ငွေကျပ်ခြောက်သိန်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ငွေကျပ်ငါးသိန်း၊ ဦးမောင်မောင်–ဒေါ်တင်တင် သားသမီးမြေးတစ်စုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သောမိဘဘိုးဘွားများ အမှူးထား၍ ဦးအောင်မြင့်ထွန်း၊ ဒေါ်နွယ်သန့်စင်၊ သား (မောင်ဆန်းလင်း)၊ မောင်အောင်ခန့်ခိုင် မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးလှ–(ဒေါ်သန်းကြည်)အား အမှူးထား၍ ဦးအေးသိန်း–ဒေါက်တာအေးအေးမူ၊ သမီး အေးမြစန္ဒာတို့က ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးကြီးစိန်တင်ဝင်း(ငြိမ်း)–ဒေါ်သင်းသင်းမြ မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးသိန်းနု–ဒေါ်ခင်မြတို့အား အမှူးထား၍ မကြည်ကြည်စန်း၊ မောင်နိုင်ဝင်း၊ မောင်သောင်းနိုင်တို့က ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့မပိုင်းနေ ဦးအောင်မြင့်–ဒေါ်ခင်စော သားသမီးမြေးတစ်စုတို့က ငွေကျပ်ငါးသိန်း၊ ဦးထွန်းဖုံ–ဒေါ်လီလီသာ၊ သမီးကြီး ဒေါက်တာခင်ညိမ်းဖုံ၊ သမီးငယ် မအေးမြတ်ဖုံတို့က ငွေကျပ်ငါးသိန်း၊ အမရပူရမြို့နယ် တလုတ်တန်းရပ်နေ မိဘနှစ်ပါးဖြစ်သော ဦးဘဝင်းနှင့် ဒေါ်နုနုတို့အား အမှူးထား၍ သမီး ဒေါ်မိမိခင်က ငွေကျပ်ငါးသိန်း၊ ကွယ်လွန်သူနှစ်ဖက်မိဘများဖြစ်သော ဦးဟန်စိန်–ဒေါ်သိန်း၊ ဦးတင်–ဒေါ်ခင်စိန်တို့ အားရည်စူး၍ ဒေါက်တာဦးခင်မောင်အေး–ဒေါက်တာခင်သန်းတင်၊ သား မောင်သန်းထိုက်ကျော်တို့က ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘအား အမှူးထား၍ ဦးဝင်းအောင်–ဒေါ်နယ်လီအေး၊ သမီး နန်းမိုခမ်း၊ သား စိုင်းနော်ခမ်းတို့က ငွေကျပ်ငါးသိန်း၊ ဦးခွန်ဝင်းအောင်၊ စံဖွံ့ဖြိုး(သစ်)လုပ်ငန်းကုမ္ပဏီတို့က ငွေကျပ် ငါးသိန်း၊ဖေဖေ ဦးမြင့်ဆွေ၊ မေမေ ဒေါ်ခင်ဆွေဆွေတို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးများက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ စန္ဒရားဒေါက်တာသိန်းမြင့်သန်း–ဇနီး သဲသဲအေး၊ သမီးသဲသီရိလင်းတို့က ငွေကျပ်ငါးသိန်း၊ ဦးဟန်စိန်–ဒေါ်မြင့်မြင့်အေး၊ သဃ်န်းကျွန်း၊ ရန်ကုန်က ငွေကျပ်ငါးသိန်း၊ ဦးညွန့်ဟန်–ဒေါ်လှလှညွန့်၊ သီရိမေအထည်ဆိုင်၊ မန္တလေးက ငွေကျပ်ငါးသိန်း၊ ဦးသော် (အငြိမ်းစား/တပ်မတော်ရေတပ်)–ဒေါ်တင်မမ မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးထင် အောင်– ဒေါ်ယုဇနရှိန်၊ သမီး မေမြတ်နှင်းအောင်၊ သက်စုအောင် မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့် (B.T.B)ကုမ္ပဏီမိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးမောင်မောင်–ဒေါ်ခင်ဝင်းဆွေ(ရွှေနန်းတော်ရောင်းဝယ်ရေး) မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသန်းရွှေ–ဒေါ်ဥမ္မာဝင်း မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးဝင်းသူ–ဒေါ်လှဲ့လှဲ့သိန်း မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးလမင်း–ဒေါ်စန္ဒာ မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးမင်းသူ–ဒေါက်တာသစ်သစ်ဦး၊သားဘုန်းမြင့်သူ၊ ကျော်ဇင်သူ မိသားစုက ငွေကျပ်သုံးသိန်း၊ ဖခင်ကြီး ဦးသိန်းကော့ကျန်အားရည်စူး၍ မိခင်ဒေါ်တင်ကြည်၊ သမီး မသီတာစန်း မိသားစုက ငွေကျပ်နှစ်သိန်း ငါးသောင်း၊ ကွယ်လွန်သူ ဖခင်ဗိုလ်ကြီးမောင်စောနှင့် မိခင် ဒေါ်သင်းကြည်အား ရည်စူး၍ သားသမီးမြေးတစ်စုက ငွေကျပ်နှစ်သိန်း ငါးသောင်း၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဗိုလ်ကြီးထွန်းလင်းတင့်(ငြိမ်း)–ဒေါ်စောမြတ်သင်၊ သား ထက်မာန်အောင်၊ သမီး ဇွန်ဇာရူးဇင်တို့က ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဖခင်ကြီး ဦးစောကြူနှင့် မိခင်ကြီး ဒေါ်ခင်လှိုင်အားရည်စူး၍ ဦးကျော်မင်းထွန်း–သမီး ဒေါ်မိမိချို မိသားစုက ငွေကျပ်နှစ်သိန်း ငါးသောင်း၊ ဖခင်ကြီး ဦးစောကြူနှင့် မိခင်ကြီး ဒေါ်ခင်လှိုင်အား ရည်စူး၍ သမီး ဒေါ်ခင်ခင်စန်း(ကထိက၊ ရူပဗေဒ ၊ ဒဂုံတက္ကသိုလ်)က ငွေကျပ် နှစ်သိန်း ငါးသောင်း၊ဦးမောင်မောင်မြင့်–ဒေါ်ခင်သိန်းနု **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✪

ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်လာခြင်းသည် စာပေလောကသားများအတွက် ကောင်းသည့်လက္ခဏာဖြစ် စာပေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်မှာ စာပေလောကသားများ၏ တာဝန်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အကူအညီဖြင့် တင်ရွှေစာပေတိုက်ကချီးမြှင့်သော စတုတ္ထအကြိမ်မြောက် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် ဆရာဝန်တင်ရွှေစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်များ၊ စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရစာပေပညာရှင်များ၊ ဂျာနယ်နှင့် မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများ၊ တင်ရွှေစာပေတိုက်မှ ဆရာမ ဒေါ်အေးသန့်နှင့် ဆရာဝန်တင်ရွှေမိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြား တိုင်းရင်းသား ပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်နေကြပြီ ဖြစ်ကြောင်း၊ တတိယ လိုအပ်ချက်မှာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အလျောက် အနာဂတ် နိုင်ငံ့တာဝန်ကို ယူကြမည့် လူငယ်ကျောင်းသားများ အတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စတုတ္ထအကြိမ်မြောက် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် ဆရာဝန်တင်ရွှေစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၄ ခုနှစ်အတွက် ဆရာဝန်တင်ရွှေ စာပေဆုရ စာရေးဆရာကြီး ဦးသက်ထွန်း (အငြိမ်းစားသံအမတ်ကြီး)အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရာတွင် ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကို ထူထောင်လျက်ရှိရာတွင် နိုင်ငံတော် အစိုးရ၏ ဆန္ဒတစ်ခုတည်းသာ မဟုတ်ဘဲ စာပေလောကသားများ အပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ဆန္ဒရည်ရွယ်ချက်များဖြင့် ပါဝင်ပူးပေါင်း တည်ဆောက်နေခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ တည်ဆောက်ရာတွင် အခြေခံအားဖြင့် အချက်သုံးချက် ပြည့်စုံရန် လိုအပ်ကြောင်း၊ ပထမအချက် အနေဖြင့် နိုင်ငံတော် တည်ငြိမ်မှု၊ ရပ်ရွာ အေးချမ်းသာယာမှု၊ တရားဥပဒေ စိုးမိုးမှုရှိရန် လိုအပ်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော် အစိုးရနှင့် ပြည်သူများ၏ ပါဝင်မှုကြောင့် တည်ငြိမ်အေးချမ်းမှု ရရှိနေပြီဖြစ်ကြောင်း၊ ဒုတိယအချက်မှာ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးရန် လိုအပ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော်နှင့်

တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့် ပညာအဆင့်များတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် မိမိတို့နေထိုင်ရာ ဒေသများ၌ပင် လွယ်လွယ်ကူကူ သက်သက်သာသာဖြင့် ပညာသင်ယူနေနိုင်ကြပြီ ဖြစ်သည်ကို တွေ့ရှိကြမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်က ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းခွင်ဝင်ရောက် တာဝန်ထမ်းဆောင်နေကြသည့် လူငယ်၊ လူလတ်၊ လူကြီးများပါ မကျန် အတွေးအခေါ်၊ အသိဉာဏ် ပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်သူလူထုနှင့် စာပေလောကသားများက အဓိကဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေ အများစုသည် ကျေးလက်နေပြည်သူများဖြစ်၍ ကျေးလက်နေ ပြည်သူလူထု၏ လူ့စွမ်းအား အရင်းအမြစ် ပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း။

စာကြည့်တိုက်များဖွင့်လှစ်ရေး

ကျေးလက်နေပြည်သူလူထု၏ အသိပညာ ဗဟုသုတ တိုးပွားရေးအတွက် စာဖတ်သည့် အလေ့အထ တိုးပွားစေပြီး စာပေဖတ်မှု လက်လှမ်းမီစေရန် နိုင်ငံတော်၏ အား၊ ဒေသခံပြည်သူလူထု၏အားနှင့် စေတနာရှင် ပြည်သူလူထု၏ အားတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ၌ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး ဦးစားပေး ဆောင်ရွက်ပေးနေသည်ကို စာပေပညာရှင်ကြီးများ အသိပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသည့် အနက် ကျေးရွာစာကြည့်တိုက်ပေါင်း ၄၈၈၈၀ ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ကျန်ရှိသည့် ကျေးရွာများ၌ ကျေးရွာစာကြည့်တိုက်များ အပြီးအပိုင်ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ကျေးရွာတိုင်းတွင် စာကြည့်တိုက်ဖွင့်ပြီးပါက ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးသော နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုမူ ဒေသခံပြည်သူလူထုက ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယင်းသို့ ကျေးရွာများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စာပေလောကသားများအတွက် ကောင်းမွန်သည့် လက္ခဏာများပင်ဖြစ်ကြောင်း၊ စာပေဈေးကွက်လည်း ပိုမို ကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် ကောင်းရာကို လမ်းညွှန်နိုင်သည့် စာပေရှိသကဲ့သို့ အဆိပ်အတောက်ဖြစ်စေနိုင်သည့် စာပေလည်းရှိကြောင်း၊ "အလိမ္မာ စာမှာရှိ" "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသော အဆိုများရှိသည့်အတိုင်း အရေအတွက်သာမက အနှစ်သာရအပိုင်းကိုပါ ဝိုင်းဝန်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာပေလောက ဖွံ့ဖြိုးရန်မှာ ဈေးကွက်သည် အရေးကြီးကြောင်း၊ ဈေးကွက်ကျယ်ပြန့်အောင် ချဲ့ထွင်ရာတွင် ပြည်တွင်း၌သာမက ပြည်ပသို့ပါ ထိုးဖောက်နိုင်အောင် ကြိုးစားဆောင်ရွက်သင့်ကြောင်း၊ စာပေဖြင့် ပြည်သူလူထု၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်မှာ စာပေလောကသားများ၏ တာဝန်ဖြစ်ကြောင်း၊ "ဆရာဝန်တင်ရွှေ စာပေဆု" ချီးမြှင့်သကဲ့သို့ စာပေကုသိုလ်ရှင်များ ပေါ်ထွန်းရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ယနေ့စာဖတ်သူဦးရေနှင့် ထုတ်ဝေသော စာအုပ်စာတမ်း အခြေအနေကို နှိုင်းယှဉ်ကြည့်ပါက ထုတ်ဝေသည့် စာအုပ်စာတမ်းများမှာ နည်းနေသေးသည်ကို တွေ့ရကြောင်း၊ ယင်းအခက်အခဲများကို စာပေပညာရှင်များနှင့် စာပေလောကသားများက ဝိုင်းဝန်း အဖြေရှာသုတေသနပြုကြပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စာအုပ်စာတမ်းများ များများ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ စာပေစိစစ်ရေးအနေဖြင့်လည်း ထုတ်ဝေခွင့်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေစိစစ်ရေးအနေဖြင့် နိုင်ငံတော် တည်ငြိမ်ရေး၊ လုံခြုံရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေးတို့ကို ထိခိုက်စေမည့်ရေးသားမှုမျိုးမှအပ လွတ်လပ်စွာ ရေးသား ထုတ်ဝေခွင့်ပြုလျက်ရှိကြောင်း၊ မလိုသူများနှင့် ပြည်ပမီဒီယာ အချို့က လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်မရှိ၊ စာပေလွတ်လပ်ခွင့်မရှိ၊ ပညာပေးခြင်း၊ ဗဟုသုတပေးခြင်း များလွန်းသည်ဟု ဝေဖန်ထိုးနှက်စွပ်စွဲသည်ကိုလည်း ကြားသိရကြောင်း။

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ပညာပေးခြင်း၊ ဗဟုသုတပေးခြင်း၊ လူငယ်များ အကျင့်စာရိတ္တမြင့်မားရေး စသည့် အချက်များကို ရေးသားဖော်ပြရမည်သာ ဖြစ်ကြောင်း။

အမျိုးသားအကျိုးစီးပွား

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံတွင်မဆို မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မထိခိုက်သော လွတ်လပ်စွာ ရေးသား ထုတ်ဝေခွင့်ကိုသာ ပေးကြစမြဲဖြစ်ကြောင်း၊ မိမိတို့ စာပေစိစစ်ရေးကလည်း ထို့အတူပင် အမျိုးသားအကျိုးစီးပွားကို မထိခိုက်သည့် စာပေများကို လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စသည်များ နှစ်စဉ်ချီးမြှင့်ပေးနေသကဲ့သို့ ပုဂ္ဂလိက အလှူရှင်များဖြစ်သည့် ပခုက္ကူဦးအုံးဖေ စာပေဆု၊ သုတစွယ်စုံစာပေဆု၊ ယခုပြုလုပ်သည့် ဆရာဝန်တင်ရွှေ စာပေဆုတို့သည် စာပေလောကသားများကို အားသစ်လောင်းပေးနေခြင်းဖြစ်ကြောင်း။

မြန်မာစာပေဖွံ့ဖြိုးရေး

စာပေပညာရှင်များကလည်း အမျိုးသားအကျိုးစီးပွားကို ရေးရှုပြီး ရေးသားကြပါရန်၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေလောကသားများက တစ်တပ်တစ်အား ဝိုင်းဝန်းဆောင်ရွက်ကြပါရန်နှင့် ယခုဆရာဝန်တင်ရွှေ စာပေဆု ချီးမြှင့်သည့် အစဉ်အလာကို ဆက်လက် ထိန်းသိမ်းသွားနိုင်ပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ၂၀၀၄ခုနှစ်အတွက် ဆရာဝန်တင်ရွှေ စာပေဆု ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ ခုနှစ်အတွက် "ဆရာဝန် တင်ရွှေ စာပေဆု" ရအင်္ဂလိပ်၊မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သော "မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်" A Myanmar Looks at Others စာအုပ်ရေးသားသူ စာရေးဆရာကြီး ဦးသက်ထွန်း (အငြိမ်းစားသံအမတ်ကြီး) အား လည်းကောင်း၊ "ဦးနှောက်မှန်တိုင်းဆင်ခြင်း" စာအုပ်ရေးသားသူစာရေးဆရာ ကျော်ဝင်း အား လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော "A Myanmar Tapestry" အမည်ရှိ မြန်မာ့ယဉ်ကျေးမှုရှုခင်း စာအုပ်ရေးသားသူ ဆရာမကြီး ဒေါ်ကြည်ကြည်လှအား လည်းကောင်း ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က ဆုရွေးချယ်မှု အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် "ဆရာဝန်တင်ရွှေ စာပေဆု" ရရှိကြသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

ဆက်လက်၍ တင်ရွှေစာပေတိုက်မှ ဒေါ်အေးသန့် (စာရေးဆရာကြီး ဆရာဝန်တင်ရွှေ၏ဇနီး) က ဆရာဝန်တင်ရွှေ စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များအား ဂါရဝပြုလက်ဆောင်ကို ပေးအပ်ရာ ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ ကိုယ်စား ဆရာကြီး ဦးသော်ကောင်းက လက်ခံသည်။

ထို့နောက် "တင်ရွှေစာပေတိုက်"မှ ဆရာမ ဒေါ်အေးသန့် (စာရေးဆရာကြီး ဆရာဝန်တင်ရွှေ၏ ဇနီး)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ စာပေဆုရရှိကြသူများ၊ ဆရာမ ဒေါ်အေးသန့်နှင့် ဆရာဝန်တင်ရွှေ၏ မိသားစုတို့နှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဇွန်တောင်မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

✪ စာမျက်နှာ ၁၁ မှ

မိသားစုက ငွေကျပ်နှစ်သိန်း ငါးသောင်း၊ မင်းဘူးမြို့ ဦးထွန်းကို၊ ဒေါ်သန်းကြည် အမှူးထား၍ ဦးစိုးဝင်း၊ ဒေါ်သန်းသန်းလှိုင် မိသားစုက ငွေကျပ်နှစ်သိန်း ငါးသောင်း၊ မိခင်ကြီး ဒေါ်အေးကြည်၏ (၆၆)နှစ်မြောက် မွေးနေ့အလှူသားသမီး မြေးမိသားစုက ငွေကျပ်နှစ်သိန်းငါးသောင်း၊ မအေးအေးဝင်းက ငွေကျပ်နှစ်သိန်း ငါးသောင်း၊ မဆွေဇင်နွယ်(ခ) ဇာဇာ၏ အသက်(၂၂)ပြည့် မွေးနေ့အလှူ ၂၀–၁၂–၂၀၀၅က ငွေကျပ်နှစ် သိန်းငါးသောင်း၊ ဦးထွန်း–ဒေါ်သန်းမေ သားသမီး မြေးမြစ်တစ်စုက ငွေကျပ်နှစ် သိန်းငါးသောင်း၊ မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မ ဆွေမျိုးများအား အမှူးထား၍ ဗိုလ်ဇာနည်အောင် ကြည်း/၃၉၅၇၇၊ စာပေ–၂၊ စစ်တက္ကသိုလ်၊ ခေတ္တပြင်ဦးလွင်က ငွေကျပ်နှစ်သိန်း ငါးသောင်း၊ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးမောင်မောင်ရွှေ–မသန္တာဆွေဦး၊ သားမောင်သုထက်၊ မောင်သုဝေတို့က ငွေကျပ်နှစ်သိန်းငါးသောင်းစီနှင့် ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်အောင်မြတ်ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေး)တို့က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ် လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

ယနေ့အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အလှူရှင်များ အပါအဝင် အလှူရှင် ၁၃၄ဦး တို့က လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၁၃၂ ဒသမ ၈၂သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ဖြစ်ကြောင်းသိရှိရသည်။ ယင်းနောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေး (၃)ပါးနှင့် ဦးတည်ချက်များ ချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး စီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ် စီမံကိန်းများကို စနစ်တကျ ချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော်ကာ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှမျှတတဖွံ့ဖြိုးရေးကိုရည်မှန်းပြီး စီမံလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်နေထိုင်သော အများစုဖြစ်သည့် ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးတာဝန်ကို စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းများအဖြစ် ထမ်းဆောင်ရန် တာဝန်ပေးအပ်ထားကြောင်း။

အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသများ၌ နွေအခါတွင် ရေရရှိရေးကို အဓိကရင်ဆိုင်ပြီး လူမှုဒုက္ခများ ကြုံတွေ့နေရသဖြင့် ရေတစ်စည်တစ်ထမ်း ရရှိရေးအတွက် မနက်မိုးမလင်းမီကတည်းက လေး၊ ငါးမိုင်ခန့်သို့ သွားရောက်၍ ရေခပ်ယူရသဖြင့် နေ့တစ်ဝက်ခန့်အချိန်ကုန်ပြီး အခြားစားသောက်နေထိုင်ရေး လုပ်ငန်းများ မဆောင်ရွက်နိုင်ခဲ့သည့်အပြင် ရေရှားပါး၍ တစ်ကိုယ်ရေသန့်ရှင်းမှု မဆောင်ရွက်နိုင်ခြင်းကြောင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားသောရောဂါများဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်းကို ၂၀၀၀–၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီ အလှူငွေများဖြင့် ဆောင်ရွက်နေကြောင်းကို သိရှိရကြောင်း။

ထိုသို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် စီမံကိန်းကာလ စတင်သည့် ၂၀၀၀–၂၀၀၁ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ အပူပိုင်းဒေသတိုင်း သုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း သုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၇၄၆၇ ရွာတွင် ရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီး၍ ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူ ရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းကူညီမှု၏အကျိုးကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

အပူပိုင်းဒေသတွင် ရေရရှိရေးဆောင်ရွက်နေသကဲ့သို့ အခြားရေခက်ခဲသော ပြည်နယ်၊ တိုင်းများတွင်လည်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၇၈၆၈ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကို သိရှိရကြောင်း။

ထို့အပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါ မကျန် ရေချိုရရှိရန် စည်ပင်သာယာရေးအဖွဲ့က စမ်းသပ်တွင်းများ တူးဖော်လျက်ရှိရာ ရေငန်ဒေသများတွင် အလားအလာကောင်းများတွေ့ရှိနေကြောင်း သိရှိရသည့်အတွက် ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်းကို ပြောကြားလိုကြောင်း။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ၁၂ မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁ မြို့နယ်၊ စုစုပေါင်းမြို့နယ် ၃၀ တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့သောကြောင့် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှတစ်ဆင့် တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်လုံးကျွတ် ရေရရှိပြီးသော ကျေးရွာများအား ရေဖူလုံစွာရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရန်ကိုလည်း လိုအပ်ကြောင်းကို မှာကြားလိုကြောင်း၊ ပထမအကြိမ်မှ ဒသမအကြိမ်ထိ အလှူရှင် ၁၅၁၅ဦးက လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၁၇၃၉ဒသမ၂၄၉၁သိန်း၊ အမေရိကန်ဒေါ်လာ ၇၄၂၅၂၊ EURO ၇၇၀နှင့် FEC ၁၀၀၁၂တို့ လှူဒါန်းခဲ့သကဲ့သို့ ယခု ဧကာဒသမအကြိမ်တွင်လည်း အလှူရှင်များက ငွေကျပ် သိန်း ၁၃၂၀ကျော်နှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ လှူဒါန်းထားကြောင်း သိရှိရသည့်အတွက် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် စေတနာရှင်အလှူရှင်များ ကြည်နူးပီတိပွားနိုင်အောင် စက်ရေတွင်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် တူးဖော်ပြီးခဲ့သော စက်ရေတွင်းများကိုလည်း ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့် ပူးပေါင်း အသိပညာပေးထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာသဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင် အဖွဲ့ဝင် ပါမောက္ခဒေါက်တာမတင်ဝင်း "ရတနာဆိုတာ သွေးတတ်မှအရောင်တက်တယ်" ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က 'နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင် အဖွဲ့ဝင် ပါမောက္ခဒေါက်တာမတင်ဝင်းက 'ရတနာဆိုတာ သွေးတတ်မှ အရောင်တက်တယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဟောပြောပေးကြသော ဒုတိယဝန်ကြီးနှင့် ပါမောက္ခ ဒေါက်တာမတင်ဝင်းတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉–၁–၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	Sunday Talk
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ပြည်တွင်းသတင်းအကျဉ်း
၈:၃၀	ကြက်လည်လိမ် ကာကွယ်ဆေးထုတ်လုပ်ပေး
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	Myanmar Video Rhythm
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	နှင်းဆီပင်စိုက်ကြရအောင်
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	ဖွားချို (စံရှားတင်၊ ဝါးခယ်မရဲမောင်)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ (အပိုင်း–၁)
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	နွဲ့စို့တူပျော်တိရစ္ဆာန်ဥယျာဉ် ရာပြည့်ပွဲတော်
၁၁:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ဒူးနာဝေဒနာကင်းဝေးစေရာ
၁၁:၅၀	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

FA Cup **ဘောလုံးပွဲစဉ်များ**

ညပိုင်း အစီအစဉ်

၁၀:၀၀	ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Sports (Live)
၁၀:၂၅	Wolverhampton - Man United
လိုင်း	5-Sports (Live)
၁၂:၃၀	Portsmouth - Liverpool
လိုင်း	5-Sports (Live)
၂:၃၀	Final Score
လိုင်း	5-Sports (Live)

Series - A ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၈:၃၀	Ascoil - Juventu
လိုင်း	5-Sports (Live)

ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပို (၄) မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ၌ ဇန်နဝါရီ ၂၇ ရက်တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် တနင်္သာရီတိုင်းမှ ဦးကျော်လှိုင်နှင့် ရန်ကုန်တိုင်းမှ ဦးကျော်မြအောင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဂီတစာဆိုဟသ်တဦးမြင့်ငွေနှင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင့်တို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပို (၄) မျက်နှာပူးတွဲပါရှိပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉–၁–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	ဖြူးချောင်းတံတား
၈:၂၅	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Say it in English
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၂၀	၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်နွေးနွေး"(အပိုင်း–၂၇)**
၁၁:၅၅	၄။	**တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော် (အပိုင်း–၂)**
၁၂:၀၅	၅။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ** "Doraemon"
၁၂:၃၀	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "ကမ္ဘာသစ်ရဲ့တန်ဖိုး" (ကျော်ဟိန်း၊ ကျော်ဇေယျ၊ နေမျိုးအောင်၊ မင်းကို၊ မေသန်းနု၊ယမင်းကိုကို) (ဒါရိုက်တာ–စိုးကျော်ဆန်း)**
၂:၂၅	၇။	အကပြိုင်ပွဲ
၂:၃၅	၈။	**"ဟွန်းသံ" (ရောနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ)(ဒါရိုက်တာ–သက်တင်)**
၂:၄၅	၉။	International News.
၃:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use.
၄:၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅	၆။	တေးဂီတအစီအစဉ်
၅:၃၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၈။	ညနေခင်းသတင်း
၆:၃၀	၉။	မိုးလေဝသအခြေအနေ
၆:၃၅	၁၀။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၆:၄၅	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း–၆)**
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**"ကြယ်စင်ဝန်းခပန်းရိုးမ" (အပိုင်း–၂) (လူမင်း၊ ခန့်စည်သူ၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ ဇင်ဇင်ဇော်မြင့်၊ နွဲ့နွဲ့မူ၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း–၁၈)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာပြီး ဒီမိုကရေစီအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် ထာဝရ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ပြည်သူများ အသိပညာ ဗဟုသုတပြည့်စုံကြွယ်ဝရန်လို အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန် ပိုင်းခြားဆန်းစစ်နိုင်ရန်အတွက် ပြည်သူများ အသိပညာကြွယ်ဝရန် ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ(လေးထောင့်ကန်) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေးထောင့်ကန်) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း ကျေးရွာရေရရှိရေးလုပ်ငန်း ၉၃ ရာခိုင်နှုန်းခန့်ပြီးစီး ရေခက်ခဲသော ကျေးလက်ပြည်သူ ရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းကူညီမှုအကျိုး ခံစားနေရ

ရန်ကုန် ဇန်နဝါရီ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၁)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများကိုလက်ခံပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ မြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူရှင်တစ်ဦးထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

ကြေးမုံ ဆောင်းပါးအညွှန်း

- *စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ မရှိမဖြစ်သော အခြေခံလိုအပ်ချက်(၃)ရပ်ဖြစ်တဲ့ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရာမှာ အထူးလိုအပ်တဲ့ အခြေခံအဆောက်အအုံ (Infra-structure) တွေကို လက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်တည်ဆောက်သွားနိုင်မှသာ နိုင်ငံတော်ဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ပါတယ်။*
- *တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်အောင် နှစ်စဉ်ဆောင်ရွက်ရာမှာ မိမိတို့ကောက်ခံရရှိထားတဲ့ အခွန်တော်ငွေတွေနဲ့ မလုံလောက်ဘူးဆိုရင် ပြည်ထောင်စု ဘဏ္ဍာ ရန်ပုံငွေက ဖြည့်ဆည်းပေးသွားမှာဖြစ်တယ်။ ဒါနဲ့မှ မလုံလောက်သေးဘူးဆိုရင် နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေကို စိစစ်ပြီး ခွင့်ပြုနိုင်စွမ်းရှိတဲ့ ထောက်ပံ့ငွေတွေကို အထူးကိစ္စတစ်ရပ်အနေနဲ့ ထောက်ပံ့သွားဦးမယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေဟာ မိမိတို့နယ်မြေဒေသအတွင်း ဒေသန္တရလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့ ရန်ပုံငွေလိုနေရင်လည်း ပြည်ထောင်စုနဲ့ညှိနှိုင်းပြီး ချေးယူနိုင်ဦးမှာဖြစ်တယ်။*

စိုးမြကျော်၏ **"အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁၃)"**

ဆောင်းပါး (စာမျက်နှာ-၈/၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး